# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

> **အလျှုဒါနကို ဝမ်းမြောက်နိုင်၏**
>
> စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။
>
> လောကဝဂ် (ဓမ္မပဒ-၁၇၇)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၀၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ

## နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးဆုံးရှုံးရသည်ထက် ကြီးမားသည့်ဆုံးရှုံးမှုမရှိသောကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားအားလုံးတွင် ထိန်းသိမ်းစောင့်ရှောက်ရန် အပြည့်အဝတာဝန်ရှိ

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိခဲ့သည့်အပြင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖




(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(Sports Complex)ရှိ သက်ဆိုင်ရာ အားကစားကွင်း/ အားကစားရုံများ၌ ဆက်လက်ကျင်းပသည်။

*စာမျက်နှာ ၂ ကော်လံ ၃* ◆

## ယနေ့ ဖတ်စရာ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့** — စာမျက်နှာ - ၆

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း** — စာမျက်နှာ - ၇

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း** — စာမျက်နှာ - ၁၂

**အင်္ဂလန်ရှိ အလယ်တန်းကျောင်းများ၌ ပါးစပ်၊ နှာခေါင်းစည်းများ ပြန်လည်တပ်ဆင်ရမည်** — စာမျက်နှာ - ၂၃

မြန်မာ့အလင်း

# နိုင်ငံတော် ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တစ်မျိုးသားလုံး၏ ဇွဲ၊ သတ္တိ၊ ညီညွတ်မှု

နိုင်ငံတစ်နိုင်ငံ တည်ထောင်ရန်သည်လည်းကောင်း၊ တည်ထောင်ပြီးသည့်နိုင်ငံ ကမ္ဘာမြေပေါ်တွင် အရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းကာကွယ်ရခြင်းသည်လည်းကောင်း လွန်စွာခက်ခဲကြမ်းတမ်းလှသည်။ လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်စိုးသောနိုင်ငံကို ကာကွယ်စောင့်ရှောက်ခြင်းသည် ယင်းနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သော်လည်း နိုင်ငံသားတို့အနက် တာဝန်မသိသူ၊ တာဝန် ငြင်းဆန်သူတို့အပြင် မိမိမွေးဖွားရာ၊ မိမိနေထိုင်ရာ ဇာတိနိုင်ငံကိုပင် ဆန့်ကျင်သူ၊ ဖျက်ဆီးသူတို့လည်း ရှိကြသည်ကို တွေ့နိုင်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် ပါလက်စတိုင်းဒေသ၌လည်း နိုင်ငံသစ်တစ်ခုပေါ်ပေါက်လာသည်။ ယင်းနှစ်မေလ ၁၄ ရက်တွင် ဂျူးလူမျိုးတို့က အစ္စရေးနိုင်ငံကို ထူထောင်လိုက်ကြခြင်း ဖြစ်သည်။ မြေထဲပင်လယ် အရှေ့ဘက်ရှိ ပါလက်စတိုင်းကို စွန့်ခွာကာ နှစ်ပေါင်း ၂၀၀၀ ကျော် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ရောက်ရှိနေထိုင်ခဲ့ကြရသည့် ဂျူးလူမျိုးတို့က ၎င်းတို့၏ ဇာတိနေရာဆီသို့ ပြန်လည်ဝင်ရောက် နေထိုင်၍ ကိုယ်ပိုင်နိုင်ငံ ထူထောင်ရေးအတွက် မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ကြိုးပမ်းခဲ့ကြရခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံဟူ၍ ထူထောင်လိုက်သည်နှင့် ဘေးပတ်လည်တွင် ရှိနေသည့် အာရပ်တို့က ချက်ချင်းပင် ကျူးကျော်ဝင်ရောက်တိုက်ခိုက်ကြသည်။ ထိုစဉ်က ဧရိယာစတုရန်းမိုင် ၈၀၀၀ ခန့်နှင့်လူဦးရေ နှစ်သန်းခန့်သာ ရှိသော အစ္စရေးကို သူ့ထက်အဆပေါင်း ၂၀၀ ခန့် ပိုမိုကြီးမားကျယ်ဝန်း ပြီး လူဦးရေ အဆ ၂၀ ခန့် ပိုမိုများပြားသည့် အာရပ်တို့က ဝိုင်းဝန်းတိုက်ခိုက်ကြခြင်းဖြစ်သည်။

အစ္စရေးကို ကမ္ဘာမြေပေါ်တွင် မရှိအပ်သော နိုင်ငံအဖြစ် သတ်မှတ်ကာ စတင်တည်ထောင်ချိန်မှစ၍ မရပ်မနား တိုက်ခိုက်ခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် စစ်ပွဲကို ဂျူးလူမျိုးတို့ မဖြစ်မနေ ဆင်နွှဲခဲ့ရသည်။ တစ်နည်းအားဖြင့် နိုင်ငံအစွန့်ရှည်တည်တံ့ရေးအတွက် တိုက်ပွဲဝင်ရခြင်းဖြစ်သည်။ ဆယ်စုနှစ်များနှင့်ချီ၍ စစ်ပွဲကြီးများ ဆင်နွှဲခဲ့ရခြင်းဖြစ်ပြီး ၁၉၆၇ ခုနှစ် ဇွန်လတွင် အင်အားချင်း ဘက်မညီသည့် ခြောက်ရက်စစ်ပွဲ၌ ပြတ်ပြတ်သားသား အနိုင်ရခဲ့ခြင်းနှင့်အတူ အစ္စရေးနိုင်ငံမှာလည်း ခိုင်ခိုင်မြဲမြဲ ရပ်တည်လာနိုင်ခဲ့သည်။ ခြောက်ရက်စစ်ပွဲတွင် အစ္စရေးကို ပင်လယ်ထဲသို့ မောင်းချမည်ဟု ကြိမ်းဝါးလာသည့် အီဂျစ်၊ ဆီးရီးယား၊ ဂျော်ဒန် နိုင်ငံတို့အပြင် အီရတ်၊ မော်ရိုကို၊ အယ်ဂျီးရီးယား၊ လစ်ဗျား၊ ကူဝိတ်၊ တူနီးရှား၊ ဆူဒန်နှင့် ပါလက်စတိုင်းတို့ကလည်း တပ်များစေလွှတ်ကာ ဝိုင်း၍ ဆွမ်းကြီးလောင်းခဲ့ကြခြင်းဖြစ်သော်လည်း ခြောက်ရက်စစ်ပွဲအပြီးတွင် အီဂျစ်ထံမှ ဂါဇာကမ်းမြောင်ဒေသနှင့် ဆိုင်းနိုင်းကျွန်းဆွယ်၊ ဂျော်ဒန်ထံမှ ဂျေရုဆလင် အရှေ့ပိုင်းပါဝင်သည့် အနောက်ဘက်ကမ်းဒေသ၊ ဆီးရီးယားထံမှ ဂိုလန်ကုန်းမြင့်တို့ အစ္စရေး၏ သိမ်းပိုက်ခြင်းကို ခံလိုက်ရပြီး အစ္စရေး၏ပိုင်နက်နယ်နိမိတ် သုံးဆခန့် ပိုမိုကျယ်ဝန်းသွားခဲ့သည်။ အစ္စရေးနိုင်ငံ၏ ဂုဏ်သိက္ခာ၊ ဂျူးလူမျိုးတို့အတွက် လုံခြုံရေးနှင့် ဇာတိပုညဂုဏ်မာနတို့ကို မြင့်မားစွာ လွှင့်ထူနိုင်ခဲ့သည်။

ဆယ်စုနှစ်များစွာ ကြာပြီးသည့်နောက်တွင် အစ္စရေးနိုင်ငံကို အသက်သွေးချွေးတို့ဖြင့် ရင်းနှီးတည်ထောင်ခဲ့သည့်၊ ကာကွယ်ထိန်းသိမ်းခဲ့သည့် မျိုးဆက်များ မရှိတော့။ မျိုးဆက်သစ်လူငယ်များ အနေဖြင့် နိုင်ငံကို ခက်ခဲကြမ်းတမ်းစွာ ထူထောင်ခဲ့ရသည့် ဘိုးဘွားမိဘတို့၏ ခံစားချက်မျိုး မရှိကြတော့သည့်အပြင် နားလည်းမလည်၊ ခံယူချက်များလည်း အလျှင်းမရှိကြတော့ဟု ဆိုသည်။ ထို့အပြင် ဘိုးဘွားမိဘတို့၏ မျိုးချစ်စိတ်ကိုပင် မျက်ကန်းမျိုးချစ်ဟူ၍ ဝေဖန်မှုများနှင့် ဆန့်ကျင်မှုများလည်း ပေါ်ထွက်လာသည်ဟု ဆိုသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်သက်တမ်းတူဖြစ်သော အစ္စရေးနိုင်ငံ တည်ထောင်မှုမှ မိမိတို့သင်ခန်းစာယူဖွယ်ရာ အများအပြားပင်ရှိသည်။ အထူးသဖြင့် အခက်အခဲ၊ အကျပ်အတည်းများကို တုံ့ပြန်ရင်ဆိုင်ကာ လူမျိုးများ ရှင်သန်ရေးနှင့် နိုင်ငံထာဝရတည်တံ့ရေးအတွက် တစ်မျိုးသားလုံး၏ ဇွဲ၊ သတ္တိ၊ စွန့်လွှတ်စွန့်စားမှုနှင့် စုစည်းညီညွတ်မှုတို့ပင် ဖြစ်ရာ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများ၊ အခက်အခဲ၊ အကျပ်အတည်းများတွင်လည်း သင်ခန်းစာယူ၊ အတုယူ၍ ရင်ဆိုင်ကျော်လွှားနိုင်ပါစေကြောင်း။ ။

# လွတ်လပ်မြန်ပြည် အစွန့်ရှည်အောင်

✳ ထီးကျိုးစည်ပေါက်၊ သူ့လက်အောက်၌
ရောက်ခဲ့ဖူးသည်၊ မြန်မာပြည်တည့်
ရာသီများစွာ၊ နှစ်များစွာပင်
မြန်မာပြည်ကြီး၊ သောကမီးနှင့်
ငိုညည်းရှိုက်ငင်၊ သမိုင်းစဉ်ဝယ်
အိမ်ရှင်ဖြစ်လျက်၊ ဧည့်သည်လက်၌
မျက်နှာငယ်ညှိုး၊ အဖြစ်ဆိုးနှင့်
သက်ဆိုးရှည်ခဲ့ရလေသည်။
✳ သက်ဆိုးရှည်ခိုက်၊ အမှောင်တိုက်ဝယ်
ငိုရှိုက်နှံ့နှစ်၊ ကျွန်အဖြစ်မှ
အနှစ်မခံ၊ လွတ်အောင်ကြံလော့
မြန်မာပြည်မွေး၊ မြန်မာ့သွေးတို့
အရေးကြီးက၊ သွေးနီးကြလော့
ရှမ်းကတစ်သွင်၊ ကရင်တခြား
ကယားတဖြာ၊ ဗမာတစ်သီး
သွေးမစည်းမူ
မနီးပေသေး၊ လွတ်လပ်ရေးဟု
လေးနက်ကြံဆ၊ ချင့်ချိန်ကြရန်
မြန်မာ့တပ်မတော်၊ ဇာနည်မော်တို့
လှစ်ဖော်ညွှန်ပြခဲ့သည်တကား။
✳ ထိုသို့ညွှန်ပြ၊ လိုက်နာကြသော်
နိုးထလျှံဖိတ်၊ မျိုးချစ်စိတ်တို့
ပြည့်သိပ်ခဲ့သည်၊ မြန်မာပြည်တည့်
ညီညွတ်ခြိမ့်အုန်း၊ တစ်ပြည်လုံးတွင်
စုရုံးတော်လှန်၊ အောင်ပွဲခံသည်
အောင်လံနီရဲလေမှာဝဲ။
လွတ်လပ်မြန်ပြည်ခြိမ့်ခြိမ့်သဲ။
✳ ဪ..လွတ်လပ်မြန်ပြည်၊ အစွန့်ရှည်အောင်
မြန်ပြည်မှာဖွား၊ သွေးချင်းများတို့
ထားလော့သတိ၊ ရှိလော့သစ္စာ
ခိုင်မြဲပါလော့
ဘယ်မှာရန်သူ၊ ဘယ်မူမိတ်ဆွေ
တွေဝေမဲ့ကင်း၊ ရှုမြင်ခြင်းဖြင့်
ပြည်တွင်းအားသာ၊ ကိုးစားပါမှ
အနာဂတ်ဆီ တို့တိုင်းပြည်။
လွတ်လပ်ရေးသည် အစွန့်ရှည်။
ထိန်းသိမ်းကာကွယ်နိုင်လိမ့်မည်။ ။

(၇၄-နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

◆ ရှေ့ဖုံးမှ



အဆိုပါ ပြိုင်ပွဲများသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီး ဌာနအသင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်း၊ ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲတို့တွင် အကောင်းဆုံး စပေးဘောဆု၊ အကောင်းဆုံးပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ခုပ်ဆု၊ အကောင်းဆုံး ပိတ်ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများကို ဆုတံဆိပ်နှင့် ဆုငွေကျပ်တစ်သိန်းစီ ချီးမြှင့်သည်။

ဆက်လက်၍ ဘော်လီဘော ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲ ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း ဆုများ ချီးမြှင့်သည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးပြီး ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် ဖူဆယ်အားကစားရုံ၌ ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ဆုများ ချီးမြှင့်သည်။

ဇန်နဝါရီ ၄ ရက်တွင် နံနက် ၇နာရီမှစ၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အပြေး(ကျား/မ) မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀ ပြိုင်ပွဲများကို ကျင်းပပြုလုပ်သွား မည်ဖြစ်ပြီး နံနက် ၈ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ လွန်ဆွဲ (အမျိုးသား) တတိယလုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ (အမျိုးသား) ဗိုလ်လုပွဲစဉ်အဖြစ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ(အမျိုးသမီး) တတိယလုပွဲ ပွဲစဉ်အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း၊ လွန်ဆွဲ (အမျိုးသမီး) ဗိုလ်လုပွဲစဉ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထို့ပြင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ထုပ်ဆီးတိုး (အမျိုးသမီး) တတိယလုပွဲ ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းတို့က လည်းကောင်း၊ (ဗိုလ်လုပွဲ) ပွဲစဉ်အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့က ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မြန်မာ့ရိုးရာ ဆံရစ်ဝိုင်းအလှ ဓာတ်ပုံ - မြဇော်

နိုင်ငံတော်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြတဲ့ တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်၊ ပြည်သူလူထုကိုချစ်တဲ့ ပြည်သူတွေရဲ့ အင်အားသည်သာ အဓိကဖြစ်ပါတယ်။ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတော်၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်၊ မြန်မာရဲ့ အနာဂတ်ကို မြန်မာတိုင်းရင်းသားပြည်သူလူထုရဲ့ ဆန္ဒနှင့်အညီ တည်ဆောက်နိုင်တဲ့ နိုင်ငံတော်ကို ရှိုးသားတဲ့နိုင်ငံရေးနဲ့ ကျွန်တော်တို့ တည်ဆောက်ကြပါမယ်။ တိုင်းရင်းသား ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးကြဖို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက် မေတ္တာရပ်ခံအပ်ပါတယ်။

**[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် နိုင်ငံတော်တွင်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်]**

❖ *ရှေ့ဖုံးမှ*

ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်ခဲ့ကြပါသည်။

သို့ရာတွင် ကမ္ဘာတစ်ဝန်းလွှမ်းမိုးကြီးစိုးလာသော ကိုလိုနီစနစ်ဆိုးကြောင့် မြန်မာနိုင်ငံသည်လည်း အချို့သောနိုင်ငံများကဲ့သို့ (၁၉)ရာစု နှောင်းပိုင်းမှစ၍ ကိုလိုနီနယ်ချဲ့တို့၏ မတရား ကျူးကျော်သိမ်းပိုက်ခြင်းခံခဲ့ရပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို သက်စွန့်ကြိုးပမ်း တွန်းလှန်တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပြီး ယခုအခါ (၇၄)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံးသွားသည့်လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရပါသည်။ အသက်ပေါင်းများစွာလည်း ပေးဆပ်ခဲ့ရပါသည်။ နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးဆုံးရှုံးရသည်ထက် ကြီးမားသည့်ဆုံးရှုံးမှု မရှိသောကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားအားလုံးတွင် ထိန်းသိမ်းစောင့်ရှောက်ရန် အပြည့်အဝ တာဝန်ရှိပါသည်။

## ❖ ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးပမ်းဖော်ဆောင်ရယူ၍ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည်

မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပြီးနောက် နယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော်အုပ်ချုပ်ခဲ့သည့် တောင်တန်းမြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမ အချင်းချင်းတို့အကြား ယုံကြည်မှုလျော့နည်းခဲ့ပြီး သံသယစိတ်ဓာတ်များဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာကာ ပြည်တွင်းငြိမ်းချမ်းရေးအား ထိပါးလာခဲ့ပါသည်။ ထိုအချိန်တွင် ဖဆပလအဖွဲ့သည်နိုင်ငံ၌ အား အကောင်းဆုံးသော နိုင်ငံရေးအဖွဲ့ကြီးဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ခေါင်းဆောင်များအတွင်း သဘောထားကွဲလွဲမှုများကြောင့် နိုင်ငံ အခြေအနေများ ယိမ်းယိုင်ခဲ့ရပါသည်။ ဖဆပလအတွင်း ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်အစရှိသော နိုင်ငံရေးခံယူချက်မတူသည့် အဖွဲ့အစည်းများဖြင့် စုစည်းတည်ဆောက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အစုအဖွဲ့လိုက် သဘောထားကွဲပြားမှု၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဆိုင်ရာ တည်ဆောက်မှုတို့ကြောင့် စည်းရုံးရေးပြိုကွဲခဲ့ရသည်။ အကျိုးဆက်အားဖြင့် ဖဆပလအတွင်း သူတစ်လူ၊ ငါတစ်မင်း အုပ်စုကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်သည် ဘေးကျပ်နံကျပ်ဖြစ်စေခဲ့ပါသည်။

နောက်ပိုင်းတွင်လည်း ထိုကဲ့သို့နိုင်ငံရေးအယူအဆနှင့် အယူဝါဒကွဲပြားမှုအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခတို့ကြောင့် နိုင်ငံတော်၏ တည်ငြိမ်ရေးပါ ထိပါးလာခဲ့သည့်အပြင် လွတ်လပ်ရေးရရှိပြီး ၇၄ နှစ် ရှိပြီဖြစ်သော်လည်း ထိုပဋိပက္ခများအား ဖြေရှင်းနေရသဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ကိုလိုနီစနစ်ဆိုး၏ ခါးသီးသော အတိတ်သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူကာ နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် မတရားသွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို အမြဲသတိပြုကြရန် လိုအပ်ပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ ရပ်တည်သွားနိုင်မည် ဖြစ်ပါသည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ပြည်ထောင်စုဖွားတိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ပေးကြရမည်ဖြစ်ပါသည်။

*စာမျက်နှာ ၄ သို့*

**◆ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက် သွားကြရမည်**

**◆ သို့မှသာ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ရပ်တည်သွားနိုင်မည်**

## သဝဏ်လွှာ

*စာမျက်နှာ ၃ မှ*

- **ကိုဗစ်-၁၉ ကပ်ရောဂါအား ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးပမ်းရင်း တိုင်းပြည်၏ပကတိအရှိတရား လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းစဉ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်**
- **ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ ချစ်ခင်ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ရန် အထူးအရေးကြီးလိုအပ်**

ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးပမ်းဖော်ဆောင်ရယူ၍ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာ၌ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်ထွန်းကားနိုင်ရေးအတွက် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးက တစ်သွေးတည်း၊ တစ်သားတည်း ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် တည်နေရာ၊ ရာသီဥတုကောင်းနှင့် ရေခံမြေခံကောင်းရှိသော နိုင်ငံတစ်ခုပင် ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ရှိပြီးသား ၎င်းကဲ့သို့ သဘာဝအခြေခံကောင်းများကို လူသားအရင်းအမြစ်နှင့် ပေါင်းစပ်၍ စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်၍ ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့အား အားတက်သရော ဆောင်ရွက်နိုင်ပါလျှင် ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်အဖြစ် နိုင်ငံတော်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို ဦးတည်ဆောင်ရွက်နေပါသည်။ နိုင်ငံတော်သာယာဝပြောရေးဆိုရာ၌ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်မည်ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်က ကျင့်သုံးနေသည့်/ ကျင့်သုံးရန်ရည်မှန်းထားသည့် နိုင်ငံရေးစနစ်နှင့် ဖြစ်ပေါ်နေသော နိုင်ငံရေးယဉ်ကျေးမှုတို့ (Political Culture) သဟဇာတဖြစ်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ကျင့်သုံးနေသည့်/ ကျင့်သုံးရန် ရည်မှန်းထားသည့် နိုင်ငံရေးစနစ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် နိုင်ငံရေးအသိအမြင်များ အားကောင်းရန် လိုအပ်ပါသည်။ အားလုံးပါဝင်နိုင်သော၊ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုမှုကို ဖော်ထုတ်နိုင်သော နိုင်ငံရေးစနစ်တည်ဆောက်မှု လိုအပ်ပါသည်။ ၎င်းအတွက် နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လှုပ်ရှားမှုများအားလည်း ထိရောက်စွာဟန့်တားနိုင်ရေး ပြည်သူလူထုနှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံးက စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တောင့်တင်းခိုင်မာရေးသည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသားရေးအကျိုးစီးပွားပင် ဖြစ်ပါသည်။ ကိုလိုနီခေတ်က ၎င်းတိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြား၍ ကျွန်သက်ရှည်အောင် ဆောင်ရွက်ခဲ့သည့်နည်းတူ မျက်မှောက်ကာလ၌လည်း ခေတ်သစ်ကိုလိုနီဝါဒီများက ညီနောင်တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲ၍ မြန်မာနိုင်ငံကို ၎င်းတို့လိုသလိုခြယ်လှယ်ခွင့်ရရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိရှိကြရမည်ဖြစ်သည်။ နိုင်ငံတော် အစိုးရအနေဖြင့် အယူအဆ၊ အယူဝါဒကွဲပြားမှုတို့ကြောင့် ဖြစ်ပေါ်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ သွေးကွဲမှုများချုပ်ငြိမ်း၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူ့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စားရေရိက္ခာဖူလုံရေးအား ဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။ ကမ္ဘာ၌ စားရေရိက္ခာသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး လူသားထုအသက်ရှင်နေထိုင်ရေးအတွက် နေ့စဉ်သုံးစွဲနေရသဖြင့် လိုအပ်ချက် အမြဲရှိနေသော ပစ္စည်းများဖြစ်ပါသည်။

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များသုံး၍ အထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရေး၊ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များကို အင်တိုက်အားတိုက် လက်တွဲညီညီ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ထိုဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်သည် နိုင်ငံတော်၏ ပကတိအရှိတရား လိုအပ်ချက်ပင်ဖြစ်ပါသည်။ ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုဗစ်-၁၉ ကပ်ရောဂါအား ရင်ဆိုင်ကြုံတွေ့နေရသော ကာလဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအား ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးပမ်းရင်း တိုင်းပြည်၏ပကတိအရှိတရား လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ ချစ်ခင်ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ရန် အထူးအရေးကြီးလိုအပ်ပါသည်။

စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ဆက်လက်အကောင် အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တွေ့ကြုံရသမျှအခက်အခဲများနှင့် အနှောင့်အယှက်များကို စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်ပါသည်။ သို့မှသာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံပေါ်ထွန်းလာစေမည် ဖြစ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age)ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပညာသည်သာ၊ အခရာ" ဖြစ်လျက်ရှိပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံအနေဖြင့် ပညာကို အခြေပြု၍ နိုင်ငံတော်တည်ဆောက်ရေး (State Building)နှင့် တိုင်းပြည်တည်ဆောက်ရေး(Nation Building)ကို ဆောင်ရွက်နိုင်မှ ခေတ်နှင့်အညီ၊ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက် ၃၆၆ ၌ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။" ဟု ပြဋ္ဌာန်းထားပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း Kg+9 (အခြေခံပညာအလယ်တန်းအဆင့်) အဆင့်ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ၎င်း Kg+9 အဆင့်အထိ အခြေခံပညာရေး ပြီးဆုံးမှသာ အသက်မွေးဝမ်းကျောင်းပညာများကို အနည်းဆုံးဆက်လက်သင်ယူနိုင်မည်ဖြစ်သဖြင့် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံ့အနာဂတ်ကို ရှေးရှုပြီး တက်ကြွစွာ ဝိုင်းဝန်းအားပေးကြပါရန် နှိုးဆော်လိုပါသည်။

ပညာရေးသည် လောကဓံကို ကြုံတွေ့ကြရသည့်အခါ အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်စေရန် လိုအပ်သော စိတ်နှင့်ရုပ်လက္ခဏာများ တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပညာတတ်လျှင် ကျန်းမာအောင်နေတတ်လာလိမ့်မည်။ ပညာတတ်လျှင် ချမ်းသာအောင် နေတတ်လာလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပညာတတ်များ ပေါကြွယ်ဝရေး၊ ပညာကိုအခြေခံသည့် အသိပညာ၊ အတတ်ပညာရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ဆက်လက်ဆောင်ရွက်ကြပါမည်။ မိမိတို့ပြည်သူပြည်သားများ၏ စွမ်းပကားဖြင့် နိုင်ငံတော်တိုးတက်အောင် ဆက်လက်စွမ်းဆောင်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

သို့ဖြစ်၍

- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊
- စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံးစည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး၊
- ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေးဟူသော

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို အလေးအနက်ခံယူပြီး နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါရန် မိမိတို့သည်သမိုင်းတစ်ကွေ့တွင် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ခြင်း၊ အင်အားတောင့်တင်းသည့် အမြဲတမ်းတပ်မတော်တစ်ရပ်မရှိခဲ့ခြင်းတို့ကြောင့် သူ့ကျွန်ဘဝနှင့် ရှင်သန်ခဲ့ရသည့် ဘိုးဘွားဘီဘင်များ၏ဖြစ်စဉ်များကို သင်ခန်းစာယူလျက် လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည်ကြပါရန် မျိုးဆက်သစ်များအနေဖြင့် အတိတ်မှဖြစ်စဉ်များအပေါ် ဆင်ခြင်တုံတရားထားလျက် မိမိတို့ရရှိထားသော လွတ်လပ်ခြင်း၏တန်ဖိုးကို သိရှိနားလည်ကာ အမိနိုင်ငံတော်၏အကျိုးကို စွမ်းဆောင်နိုင်သလောက် ကိုယ်စီကိုယ်စီ စွမ်းဆောင်သွားကြစေရေး တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ရှုခံရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးမောင်မောင်ဝင်း၊ ဦးထွန်းအုံ၊ ဦးအောင်ကျော်ထွန်း၊ ဦးဇော်ဝင်း၊ ဒေါက်တာ အေးထွန်း၊ ဦးမင်းထိန်၊ ဦးဇော်အေးမောင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အမြဲတမ်း အတွင်းဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ချီးတက်အလေးပြုခဲ့ကြ**

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စု နေ့ကို နေပြည်တော်၌ ဗိုလ်ရှုခံရင်ပြင်တွင် ကျင်းပမည် ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း သမ္မတကြီး စဝ်ရွှေသိုက်၊ သမ္မတကြီး ဒေါက်တာ ဘဦးနှင့် သမ္မတကြီး မန်းဝင်းမောင်တို့ တာဝန်ထမ်းဆောင် ခဲ့ကြသည့် သက်တမ်းကာလအတွင်း ဗိုလ်ရှုခံအခမ်းအနားများကို ကျင်းပခဲ့ကြပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဗိုလ်ရှုခံအခမ်းအနားကို တစ်ဖန်ပြန်လည်ကျင်းပနိုင်ခဲ့ပါကြောင်း၊ ဗိုလ်ရှုခံအခမ်းအနားများကို ကျင်းပသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဂုဏ်ယူအလေးအနက်ထားသောအားဖြင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်း ပေါင်းစုံက နိုင်ငံတော်သမ္မတကြီးများအား ချီးတက်အလေးပြုခဲ့ကြ ခြင်း ဖြစ်ပါကြောင်း။

ယခုနှစ် ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ရှုခံရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ရာ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်များကိုလည်း ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က Virtual စနစ်ဖြင့် အစည်း အဝေးခေါ်ယူ ရှင်းလင်းပြောကြားပြီး ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့က အမှာစကား ပြောကြားကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ က ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ဗိုလ်ရှုခံအခမ်းအနား မှတ်တမ်း ဓာတ်ပုံ Powerpoint ကို ပြန်လည်ပြသကာ ယခုနှစ်တွင် ကျင်းပမည့် အခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီဖွဲ့စည်းထားရှိမှု၊ ဆပ်ကော်မတီဖွဲ့စည်းရန်လျာထားမှုနှင့်လုပ်ငန်းတာဝန်များ၊ ဆောင် ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ကဏ္ဍအလိုက် ဆွေးနွေး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများ က ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း ပြီး ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးမှာကြား ခဲ့သည်။

**သတင်းစဉ်**

# ပုပ္ပားတောင်ဒေသ အမျိုးသားအဆင့် ဘူမိဥယျာဉ်ကို ဘူမိနယ်မြေ ၁၅ နေရာဖြင့် အဆိုပြုသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃**

အမျိုးသားအဆင့် ဘူမိဥယျာဉ် ဆိုင်ရာကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

**အလားအလာ အကောင်းဆုံးဖြစ်**

အစည်းအဝေးတွင် အမျိုးသား အဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီက UNESCO သည် ကမ္ဘာ့ဘူမိဥယျာဉ် (Global Geopark) အစီအစဉ်ကို ၂၀၀၁ တွင်စတင်ခဲ့ပြီး လက်ရှိ နိုင်ငံပေါင်း ၄၄ နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် ၁၆၉ ခု ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ် မှတ်ခံရရန် အလားအလာကောင်း များ ပိုင်ဆိုင်သည့် နေရာအများ အပြားရှိသည့်အနက် ပုပ္ပားတောင် ဒေသသည် အလားအလာ



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အကောင်းဆုံးဖြစ်ကြောင်း၊ ကမ္ဘာ့ အဆင့်ဘူမိဥယျာဉ်အဖြစ် အမည် စာရင်းအဆိုမပြုမီ အမျိုးသား အဆင့် ဘူမိဥယျာဉ်အဖြစ် ဦးစွာ သတ်မှတ်နိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း၊ ပုပ္ပားတောင် ဒေသ အမျိုးသားအဆင့် ဘူမိ ဥယျာဉ်ကို ဘူမိနယ်မြေ (Geosite) ၁၅ နေရာဖြင့် အဆိုပြုသွားမည် ဖြစ်ပြီး ယင်းနေရာများတွင် မီးတောင်ကျောက်မျိုးများ၊ ချော် ကျောက်များ၊ အင်ကြင်းကျောက် မျိုးများ၊ ကျောရိုးရှိသတ္တဝါများ၏ ကျောက်ဖြစ် ရုပ်ကြွင်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများစွာကို တွေ့ရှိ လေ့လာနိုင်မည့်အပြင် ဒေသခံ များ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ ထုံးထမ်းများကိုလည်း လေ့လာ နိုင်မည်ဖြစ်ကြောင်း။

**အတုယူစရာဖြစ်လာစေမည်**

အမျိုးသားအဆင့် ဘူမိ ဥယျာဉ်အဖြစ် ဖော်ထုတ်ဆောင် ရွက်နိုင်မည်ဆိုပါက ဘူမိခရီးသွား လာရေး Geotourism လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေပြီး အဆိုပါ ဒေသများအား တန်ဖိုးထား ကာကွယ်ထားမှုကို လာရောက် သည့် ခရီးသွားဧည့်သည်များအား ပြသနိုင်မည့်အပြင် နောင်လာ နောက်သား များအတွက်လည်း အတုယူစရာဖြစ်လာစေမည်ဖြစ် ကြောင်း၊ ကမ္ဘာ့ဘူမိဥယျာဉ်သည် ကျယ်ပြန့်သော နယ်မြေတစ်ခုကို လွှမ်းခြုံပြီး ထိန်းသိမ်းကာကွယ်မှု၊ သိမြင် နိုးကြားမှုနှင့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုစသည့် ဒေါက်တိုင် ၃ ခုအပေါ် အခြေခံ နေသည့်အတွက် သက်ဆိုင်ရာ စီမံ ခန့်ခွဲမှုဆိုင်ရာ ဌာနအဖွဲ့အစည်း များ၊ ပညာရပ်နှင့် သုတေသန ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှသာ အောင် မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင် မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုပ္ပားတောင် ဒေသကို အမျိုးသားအဆင့် ဘူမိ ဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်မှုကို ကော်မတီ အတွင်းရေးမှူးက လည်းကောင်း၊ အမျိုးသားအဆင့် ဘူမိဥယျာဉ် အဆိုပြုလွှာမူကြမ်းကို မြန်မာ နိုင်ငံ ဘူမိသိပ္ပံအသင်း၊ ဥက္ကဋ္ဌ က လည်းကောင်း ရှင်းလင်းတင်ပြ သည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် တက်ရောက်လာ ကြသည့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် လေ့လာ သုံးသပ်ခြင်း၊ လိုအပ်ချက်များ ကို ဖြည့်စွက်ဆွေးနွေးခြင်း၊ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းများကို ဆောင်ရွက်သည်။

အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး များနှင့် တာဝန်ရှိသူများ တက် ရောက်ကြပြီး UNESCO အမျိုးသား ကော်မရှင်နှင့် မြန်မာနိုင်ငံဘူမိသိပ္ပံ အသင်းအဖွဲ့ဝင်များက Virtual စနစ်ဖြင့် တက်ရောက် ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပါသည်။ အာဆီယံဒေသတွင်း ဖိုရမ်မှတစ်ဆင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကို များစွာတန်ဖိုးထားရှိပါသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံက ဆက်လက်၍ ကတိကဝတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ်သာယာဝပြောရေးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ – ရုရှား ဆက်ဆံရေးသည် အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ဖော်ကျူးထားပါကြောင်း၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေး ခိုင်မာစေရေးကိုရှေးရှု၍ နှစ်နိုင်ငံ အတူတကွ ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် နှစ်နိုင်ငံအကြား အခြားသော ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့် ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားအပေါင်း ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိမှ ဂုဏ်ယူဝမ်းမြောက်စကားနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြားရှိ ရေရှည်တည်တံ့သော နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သည့်နှစ်ကာလများအတွင်း ပိုမိုခိုင်မာလာမှုနှင့် အလေးထားဆောင်ရွက်နိုင်မှုအပေါ် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။

၂၀၂၂ ခုနှစ်၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူထားသော ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းဖြင့် ဒေသတွင်းသာမက နိုင်ငံတကာ၏ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မကြာမီကာလအတွင်း အဆွေတော်အား မြန်မာနိုင်ငံ၌ တွေ့ဆုံရန် မျှော်လင့်လျက်ရှိပြီး အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လဗ် ရော့ဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းပါသည်။

မြန်မာ– ရုရှား ဆက်ဆံရေးသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် လေးစားမှု၏ လက္ခဏာများကို ဖော်ဆောင်ထားပါသည်။ နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လျက် နှစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ချိတ်ဆက်ဆောင်ရွက်မှုခိုင်မာစေရန် မျှော်လင့်ပါသည်။ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ခြင်းသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုသာမက အာရှ–ပစိဖိတ် ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ထံသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန မစ္စတာ ပရက်ဆုတ်ခ်ခွန်း ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများ ထံသို့ ကမ္ဘောဒီးယားပြည်သူများကိုယ်စား မိမိမှ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မကြာသေးမီက ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့သည့် အဆွေတော်၏ ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအတွက် အထောက်အကူပြုစေခဲ့သဖြင့် ဝမ်းမြောက်မိပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောစေရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မိမိတို့၏ အခြေခံမူများကို ထိန်းသိမ်းခြင်းနှင့် မြန်မာနိုင်ငံ၏အခြေအနေကို ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် အကူအညီပေးသွားရန် မြန်မာနိုင်ငံအပါအဝင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဟု ထပ်လောင်းအတည်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ ဆားဘီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ နီကိုလာ ဆဲလ်လာကောဗစ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆားဘီးယား နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူပြည်သားများ တိုးတက်ပါစေကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘက်မလိုက်လှုပ်ရှားမှုစတင်သည့် အချိန်ကတည်းက မြန်မာနိုင်ငံနှင့် ဆားဘီးယားနိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရန် ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ဘဲလ်ဂရိတ်မြို့တွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁–၁၂ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှု နှစ် (၆၀) ပြည့်အထိမ်းအမှတ်အနေဖြင့်ကျင်းပသော အဆင့်မြင့် အစည်းအဝေးသို့ မြန်မာနိုင်ငံမှ အဆွေတော်ကိုယ်တိုင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်တက်ရောက်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ထပ်မံပြောကြားလိုပါသည်။

ဆားဘီးယားသမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ တစ်သမတ်တည်း ပြောင်းလဲမှုမရှိသည့် ထောက်ခံမှုအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် အနာဂတ်တွင်လည်း ယင်းသို့ ဆက်လက်ထောက်ခံနိုင်ရန် မျှော်လင့်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရီဆောင်န်ဂွန် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါ သမယအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အဆွေတော်၏ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) ဖြင့်လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂) ဖြင့်လည်းကောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

### အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ၊ မင်းကျောင်းစာသင်တိုက်၊ မင်းစုရပ်ကွက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တနရာသဘာဘိဝံသ၊ ဝေဇယန္တာစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဉာဏိန္ဒသာရ၊ မဇ္ဈိမာရုံပါရမီစာသင်တိုက်၊ အမှတ်(၂) ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဉာဏဝံသ၊ ငွေးပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၆) ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တတိက္ခ၊ တောင်စလင်းတိုက်သစ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တတိလောကာဘိဝံသ၊ ရွာမပရိယတ္တိစာသင်တိုက်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဇောတာလင်္ကာရ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ အမှတ် (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသုမန၊ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်၊ နဒီအောင်မြေရပ်ကွက်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၉။ His Holiness Somdet Phra Ariyavongsagatanana , Wat Ratchabophit Sathitma hasimaram Ratchaworawora ကျောင်းတိုက်၊ 2 Fueang Nakhon Rd, Khet Phra Nakhon, Krung Thep Maha Nakohn, Bangkok 10200 , ထိုင်းနိုင်ငံ
၁၀။ Most Venerable Dodampahala Chandrasiri Maha Nayaka Thero , Gothama Thapovanaya , Kalapaluwawa, Mulleriyawa–New Town , သီရိလင်္ကာနိုင်ငံ

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇိန္ဒ၊ မိုးကယ်ကျောင်းတိုက်၊ အမှတ် (၈) ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တမာနိတ၊ အုတ်ကန်တောရစာသင်တိုက်၊ ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပဏ္ဍဝ၊ မာရ်အောင်စာသင်တိုက်၊ ရန်အောင် (၂) ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၄။ ဘဒ္ဒန္တကောဏ္ဍည၊ တိုက်ကျောင်းပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဥတ္တရ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တအကိုံရ၊ မဏိရတနာမြတောင်ကျောင်းတိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တနေမိန္ဒ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တမုနိဝရ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါက်တာဘဒ္ဒန္တအာသဘ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါက်တာဘဒ္ဒန္တတေဇောသာရ၊ ညောင်သုံးပင်သာမဏေကျော်စာသင်တိုက်၊ ညောင်သုံးပင်ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဉာဏဝရသာမိ၊ တောင်စွန်းစာသင်တိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်
၁၂။ ဘဒ္ဒန္တပဏ္ဏဝ၊ ဘုရားကြီးကျောင်းတိုက်၊ စေတီတောင်ရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်
၁၃။ ဘဒ္ဒန္တကောဏ္ဍည၊ ရန်ကြီးအောင်စာသင်တိုက်၊ မြို့မ(၁) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဥက္ကံသ၊ ပြသတိုက်ကျောင်းတိုက်၊ ပြသတိုက်ကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါက်တာဘဒ္ဒန္တနန္ဒသေနာလင်္ကာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တတေဇနိယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ၊ သီဟိုဠ်ပရိယတ္တိစာသင်တိုက်၊ အမှတ် (၁) ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၁၉။ Venerable Metaremba Hemaratana Nayaka Thero, Sithulpawwa Rajamaha Viharaya, Galle ,Prelate of Southern Sri Lanka, Upadhyaya, သီရိလင်္ကာနိုင်ငံ

### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပဏ္ဍိတ၊ ရတနာသီရိစာသင်တိုက်၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တသောဘိတ၊ မွန်ပရိယတ္တိစာသင်တိုက်၊ အမှတ် (၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ သီရိဓဇကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဉာဏာလင်္ကာရ၊ ကန်သာစာသင်တိုက်၊ မြစ်ငယ်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဝဏ္ဏာရပဟ၊ မဟာဇနကစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၇။ ဘဒ္ဒန္တကုန္ဒာစာရာလင်္ကာရာဘိဝံသ၊ သာမဏေကျော်စာသင်တိုက်၊ အမှတ်(၆/၁၈) ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဝုဓ၊ ဝေဇယန္တာစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တရေဝတ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တပဏ္ဍဝ၊ မင်းမာအုတ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက် ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဉာဏလောကာလင်္ကာရ၊ ရွှေလဝင်းကျောင်း၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင် (၁) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပညာသာမိ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တသုမနသိရီ၊ ဝါးကျောင်းစာသင်တိုက်၊ ကံ့ကော်ရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်
၁၄။ ဘဒ္ဒန္တသာသန၊ မကျည်းကျွန်းမြောက်ကျောင်း၊ မကျည်းကျေးရွာ၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်
၁၅။ ဘဒ္ဒန္တနာဂိန္ဒ၊ ပညာလင်္ကာရကျောင်းတိုက်၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၁၆။ ဘဒ္ဒန္တစန္ဒောဘာသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ( ၇ ) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တထေရဝံသာဘိဝံသ၊ ရွှေတောင်တိုက်သစ်ကျောင်း၊ ဗားကရာတိုက်၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဝေပုလ္လ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တကေသရ၊ မဟာသိမ်တော်ကြီးစာသင်တိုက်၊ အမှတ် (၂) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တဝါယာမ၊ ရှမ်းပိဋကတ်စာသင်တိုက်၊ စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တဇဝနဝံသ၊ ဒက္ခိဏာရာမစာသင်တိုက်၊ အမှတ် (၄)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၂၃။ Director Venerable Medawachchiye Dhammajothi thero, University of Kelaniya, 113, Dutugamunu Street, Kohuwala, သီရိလင်္ကာနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၂၄။ ဒေါ်ဣန္ဒသီရီ၊ သာသနဝံ့ဗိမာန်စာသင်တိုက်၊ ရှင်ဖြူရှင်လှကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၅။ ဒေါ်အဠနဝတီ၊ ဒေါ်ဝိဇ္ဇာနန္ဒီကံသာကျောင်း၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၆။ ဒေါက်တာဒေါ်ဆေကဝတီ၊ ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိပဋိပတ္တိ ပရဟိတ သီလရှင်စာသင်တိုက်၊ အမှတ် (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

| ၅၇၁။ | ဦးအောင်မြင့်စိုး | အုပ်ချုပ်ရေးမှူး | သရက်ကန်(န)ကျေးရွာအုပ်စု၊ ဒီပဲယင်းမြို့နယ် |
| ၅၇၂။ | ဦးသိန်းဝင်း | အုပ်ချုပ်ရေးမှူး | ငွေးပင်ကုန်းကျေးရွာအုပ်စု၊ ဒီပဲယင်းမြို့နယ် |
| ၅၇၃။ | ဦးရဲထွန်းမြင့် | အုပ်ချုပ်ရေးမှူး | ပေါ်ဦးရပ်ကွက်၊ တန့်ဆည်မြို့နယ် |
| ၅၇၄။ | ဦးသောင်းငွေ | အုပ်ချုပ်ရေးမှူး | ညောင်နီကန်ကျေးရွာအုပ်စု၊ ရေဦးမြို့နယ် |
| ၅၇၅။ | ဦးသောင်းဦး | အုပ်ချုပ်ရေးမှူး | ချောင်းရှည်ကျေးရွာအုပ်စု၊ ရေဦးမြို့နယ် |
| ၅၇၆။ | ဦးစိုးညွန့် | အုပ်ချုပ်ရေးမှူး | ရွှေပေါက်ပင်ကျေးရွာအုပ်စု၊ မြောင်မြို့နယ် |
| ၅၇၇။ | ဦးမောင်သိန်း | အုပ်ချုပ်ရေးမှူး | ဖွားစောကျေးရွာအုပ်စု၊ မြောင်မြို့နယ် |
| ၅၇၈။ | ဦးအောင်သောင်း | အုပ်ချုပ်ရေးမှူး | ဆင်တပ်ကျေးရွာအုပ်စု၊ မြောင်မြို့နယ် |
| ၅၇၉။ | ဦးအောင်မြင့်စိန် | အုပ်ချုပ်ရေးမှူး | မြစ်သာကျေးရွာအုပ်စု၊ မြောင်မြို့နယ် |
| ၅၈၀။ | ဒေါ်တင်တင်အေး | အုပ်ချုပ်ရေးမှူး | တောင်ရပ်ကွက်၊ မြောင်မြို့နယ် |
| ၅၈၁။ | ဦးနိုင်ဝင်းထွန်း(ခ) ဥက္ကာ | အုပ်ချုပ်ရေးမှူး | ဟဲခမ်းကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ် |
| ၅၈၂။ | ဦးကျော်မြင့် | အုပ်ချုပ်ရေးမှူး | မာန်ဟုန်ကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ် |
| ၅၈၃။ | ဦးမန်းတင် | အုပ်ချုပ်ရေးမှူး | နောင်မိုးကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ် |
| ၅၈၄။ | ဦးအောင်ကျော်ဝင်း | အုပ်ချုပ်ရေးမှူး | ရာဇဂြိုလ်ကျေးရွာအုပ်စု၊ ကလေးမြို့နယ် |
| ၅၈၅။ | ဦးကပ်မွန် | အုပ်ချုပ်ရေးမှူး | ပျဉ်ခုံကြီးကျေးရွာအုပ်စု၊ ကလေးမြို့နယ် |
| ၅၈၆။ | ဦးဝင်းမောင် | အုပ်ချုပ်ရေးမှူး | နတ်မြောင်းကျေးရွာအုပ်စု၊ ကလေးမြို့နယ် |
| ၅၈၇။ | ဦးကျော်လင်း | အုပ်ချုပ်ရေးမှူး | ပင့်သာကြီးကျေးရွာအုပ်စု၊ ကန့်ဘလူမြို့နယ် |
| ၅၈၈။ | ဦးစိန်မင်း | အုပ်ချုပ်ရေးမှူး | ရေရှင်ကျေးရွာအုပ်စု၊ ကန့်ဘလူမြို့နယ် |
| ၅၈၉။ | ဦးကျော်ခင်(ခ)ဂျပန် | အုပ်ချုပ်ရေးမှူး | သင်တောကျေးရွာအုပ်စု၊ ကန့်ဘလူမြို့နယ် |
| ၅၉၀။ | ဦးကျော်ကြီး | အုပ်ချုပ်ရေးမှူး | တောင်ပုံကျေးရွာအုပ်စု၊ ကောလင်းမြို့နယ် |
| ၅၉၁။ | ဦးတင်ထွန်းဦး | အုပ်ချုပ်ရေးမှူး | ဖလဲကျေးရွာအုပ်စု၊ ကောလင်းမြို့နယ် |
| ၅၉၂။ | ဦးမြင့်မောင် | အုပ်ချုပ်ရေးမှူး | ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ကောလင်းမြို့နယ် |
| ၅၉၃။ | ဦးခင်ဇော်ဝင်း | အုပ်ချုပ်ရေးမှူး | ကင်းပန်းကျေးရွာအုပ်စု၊ ပင်လည်ဘူးမြို့နယ် |
| ၅၉၄။ | ဦးအောင်ကို | အုပ်ချုပ်ရေးမှူး | ဒူးထောက်ကျေးရွာအုပ်စု၊ ဆားလင်းကြီးမြို့နယ် |
| ၅၉၅။ | ဦးမြင့်ဝင်း | အုပ်ချုပ်ရေးမှူး | စိုင်လျားကျေးရွာအုပ်စု၊ ယင်းမာပင်မြို့နယ် |
| ၅၉၆။ | ဦးကျော်ထူး | အုပ်ချုပ်ရေးမှူး | အမှတ်(၁)ရပ်ကွက်၊ ထီးချိုင့်မြို့နယ် |
| ၅၉၇။ | ဦးကျော်မောင် | အုပ်ချုပ်ရေးမှူး | တည်တောကျေးရွာအုပ်စု၊ ထီးချိုင့်မြို့နယ် |
| ၅၉၈။ | ဦးမင်းကျော်လင်း(ခ) အဲငါ | အုပ်ချုပ်ရေးမှူး | ပျဉ်ခုံကြီးကျေးရွာအုပ်စု၊ ကလေးမြို့နယ် |
| ၅၉၉။ | ဦးမြင့်ငွေ | အုပ်ချုပ်ရေးမှူး | တင်ဘက်ကျေးရွာအုပ်စု၊ မင်းကင်းမြို့နယ် |
| ၆၀၀။ | ဦးမောင်ဦး | အုပ်ချုပ်ရေးမှူး | ကလုံကျေးရွာအုပ်စု၊ ကသာမြို့နယ် |
| ၆၀၁။ | ဦးဝင်းအောင် | အုပ်ချုပ်ရေးမှူး | ချမ်းအေးသာယာရပ်ကွက်၊ ကန့်ဘလူမြို့နယ် |
| ၆၀၂။ | ဦးစိုးနိုင်ဝင်း | အုပ်ချုပ်ရေးမှူး | ကျောက်ဖူးကုန်းကျေးရွာအုပ်စု၊ မြောင်မြို့နယ် |
| ၆၀၃။ | ဦးညိုဝင်း | အုပ်ချုပ်ရေးမှူး | ကူးတို့ကုန်းကျေးရွာအုပ်စု၊ မြောင်မြို့နယ် |
| ၆၀၄။ | ဦးညိုလင်း | အုပ်ချုပ်ရေးမှူး | မကျီးနီကျေးရွာအုပ်စု၊ ရေဦးမြို့နယ် |
| ၆၀၅။ | ဦးထွန်းထွန်းဦး | အုပ်ချုပ်ရေးမှူး | မင်းကုန်းကျေးရွာအုပ်စု၊ ရွှေဘိုမြို့နယ် |
| ၆၀၆။ | ဦးညီညီဝင်း | အုပ်ချုပ်ရေးမှူး | ကျောက္ကာမြောက်ကျေးရွာအုပ်စု၊ မုံရွာမြို့နယ် |
| ၆၀၇။ | ဦးဝင်းဆွေ | အုပ်ချုပ်ရေးမှူး | အင်ကြင်းစုကျေးရွာအုပ်စု၊ ပုလဲမြို့နယ် |
| ၆၀၈။ | ဦးကိုကိုလွင် | အုပ်ချုပ်ရေးမှူး | ဆယ်မိုင်ကျေးရွာအုပ်စု၊ ကော့သောင်းမြို့နယ် |
| ၆၀၉။ | ဦးသက်စိုး | အုပ်ချုပ်ရေးမှူး | စော်ဖျားကျေးရွာအုပ်စု၊ သရက်ချောင်းမြို့နယ် |
| ၆၁၀။ | ဦးဇော်မျိုးဦး | အုပ်ချုပ်ရေးမှူး | ကျောက်ဆင်ကျေးရွာအုပ်စု၊ လောင်းလုံမြို့နယ် |
| ၆၁၁။ | ဦးအေးမင်းကို | အုပ်ချုပ်ရေးမှူး | အမှတ်(၉)ကျေးရွာအုပ်စု၊ မောတောင်မြို့ |
| ၆၁၂။ | ဦးမင်းယုသဏ်း | အုပ်ချုပ်ရေးမှူး | မင်းရပ်ကျေးရွာအုပ်စု၊ လောင်းလုံမြို့နယ် |
| ၆၁၃။ | ဦးမြင့်ငွေ | အုပ်ချုပ်ရေးမှူး | ပဝကျေးရွာအုပ်စု၊ တနင်္သာရီမြို့နယ် |
| ၆၁၄။ | ဦးခင်ငွေ | အုပ်ချုပ်ရေးမှူး | စည်ပိုင်းကျေးရွာအုပ်စု၊ ရေတာရှည်မြို့နယ် |
| ၆၁၅။ | ဦးအောင်နိုင် | အုပ်ချုပ်ရေးမှူး | နဂါးမောက်ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ် |
| ၆၁၆။ | ဦးအောင်ဇော်လတ် | အုပ်ချုပ်ရေးမှူး | ကြို့ကုန်း(တောင်ပေါ်)ကျေးရွာအုပ်စု၊ ပေါင်းတည်မြို့နယ် |
| ၆၁၇။ | ဦးအောင်မြင့်ဦး | အုပ်ချုပ်ရေးမှူး | ရွှေပြည်အေးရပ်ကွက်၊ သက္ကလမြို့ |
| ၆၁၈။ | ဦးအေးစိုး | အုပ်ချုပ်ရေးမှူး | လွှစင်ကုန်းကျေးရွာအုပ်စု ၊ ပြည်မြို့နယ် |
| ၆၁၉။ | ဦးအောင်ထွန်းနိုင် | အုပ်ချုပ်ရေးမှူး | ဇီးပင်လှကျေးရွာအုပ်စု၊ ပေါင်းတည်မြို့နယ် |
| ၆၂၀။ | ဦးမောင်ငွေ | အုပ်ချုပ်ရေးမှူး | သမန်းတောကျေးရွာအုပ်စု၊ မကွေးမြို့နယ် |
| ၆၂၁။ | ဦးသာလူ | အုပ်ချုပ်ရေးမှူး | ဟံသာဝတီကျေးရွာအုပ်စု၊ ဂန့်ဂေါမြို့နယ် |
| ၆၂၂။ | ဦးစိန်ဦး | အုပ်ချုပ်ရေးမှူး | မြောက်ခရမ်းကျေးရွာအုပ်စု၊ ဂန့်ဂေါမြို့နယ် |
| ၆၂၃။ | ဦးစံအောင် | အုပ်ချုပ်ရေးမှူး | သဒ္ဒတ်ကျေးရွာအုပ်စု၊ မြိုင်မြို့နယ် |
| ၆၂၄။ | ဦးကျော်ဆွေ | အုပ်ချုပ်ရေးမှူး | ဂျုတ်ကုန်းကျေးရွာအုပ်စု၊ မြိုင်မြို့နယ် |
| ၆၂၅။ | ဦးအောင်စိုးမင်း | အုပ်ချုပ်ရေးမှူး | အိုင်မကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ် |
| ၆၂၆။ | ဦးဝင်းစိုး | အုပ်ချုပ်ရေးမှူး | ပုလင်းပြားကြီးကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ် |
| ၆၂၇။ | ဦးသန်းနိုင် | အုပ်ချုပ်ရေးမှူး | ကန်ချောကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ် |
| ၆၂၈။ | ဦးမြင့်အောင် | အုပ်ချုပ်ရေးမှူး | တူရင်းဘိုကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ် |
| ၆၂၉။ | ဦးဟန်ဆွေ | အုပ်ချုပ်ရေးမှူး | ခြေဆေးကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ် |
| ၆၃၀။ | ဦးဖိုးစွန်း | အုပ်ချုပ်ရေးမှူး | ကန်တော်ကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ် |
| ၆၃၁။ | ဦးမြင့်ငွေ | အုပ်ချုပ်ရေးမှူး | သဲဖြူဝကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ် |
| ၆၃၂။ | ဦးအောင်မြင့် | အုပ်ချုပ်ရေးမှူး | မီးပေါက်ကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ် |
| ၆၃၃။ | ဦးမြတ်စိုး | အုပ်ချုပ်ရေးမှူး | ရန္တပိုကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ် |
| ၆၃၄။ | ဦးဝင်းမြင့် | အုပ်ချုပ်ရေးမှူး | ငွေးကုန်းကျေးရွာအုပ်စု၊ နွားထိုးကြီးမြို့နယ် |
| ၆၃၅။ | ဦးထွန်းတင့် | အုပ်ချုပ်ရေးမှူး | ရုံးပင်ကန်ကျေးရွာအုပ်စု၊ နွားထိုးကြီးမြို့နယ် |
| ၆၃၆။ | ဦးဝင်းနိုင် | အုပ်ချုပ်ရေးမှူး | မြို့သာကျေးရွာအုပ်စု၊ ငါန်းဇွန်မြို့နယ် |
| ၆၃၇။ | ဦးသိန်းထွန်းငွေ | အုပ်ချုပ်ရေးမှူး | ရုံးစည်ကြီးကျေးရွာအုပ်စု၊ တောင်သာမြို့နယ် |
| ၆၃၈။ | ဦးမြင့်နွယ် | အုပ်ချုပ်ရေးမှူး | ဘုရားလှကျေးရွာအုပ်စု၊ တောင်သာမြို့နယ် |
| ၆၃၉။ | ဒေါ်သက်သက်ချို | အုပ်ချုပ်ရေးမှူး | မြစ်ငယ်ရပ်ကွက်၊ အမရပူရမြို့နယ် |
| ၆၄၀။ | ဦးနိုင်လင်း | အုပ်ချုပ်ရေးမှူး | မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ် |
| ၆၄၁။ | ဦးအောင်ဆွေထွန်း | အုပ်ချုပ်ရေးမှူး | ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ် |
| ၆၄၂။ | ဦးငြိမ်းမောင် | အုပ်ချုပ်ရေးမှူး | မီးလောင်ဖျားကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ် |
| ၆၄၃။ | ဦးဝင်းဆွေ | အုပ်ချုပ်ရေးမှူး | မြစ်ကမ်းကျေးရွာအုပ်စု၊ မတ္တရာမြို့နယ် |
| ၆၄၄။ | ဦးသောင်းရှိန် | အုပ်ချုပ်ရေးမှူး | ဝါးရုံကုန်းကျေးရွာအုပ်စု၊ စဉ့်ကူးမြို့နယ် |
| ၆၄၅။ | ဦးတူးမောင် | အုပ်ချုပ်ရေးမှူး | ခူလယ်ကျေးရွာအုပ်စု၊ စဉ့်ကူးမြို့နယ် |
| ၆၄၆။ | ဦးကျော်ဆန်း | အုပ်ချုပ်ရေးမှူး | နှမ်းရွာကျေးရွာအုပ်စု၊ တောင်သာမြို့နယ် |
| ၆၄၇။ | ဦးမြင့်ဦး | အုပ်ချုပ်ရေးမှူး | စကားပင်ကျေးရွာအုပ်စု၊ မတ္တရာမြို့နယ် |
| ၆၄၈။ | ဦးဝင်းနိုင် | အုပ်ချုပ်ရေးမှူး | သပြေသာကျေးရွာအုပ်စု၊ မတ္တရာမြို့နယ် |
| ၆၄၉။ | ဦးစိုးငြိမ်းဟန် | အုပ်ချုပ်ရေးမှူး | (ဇ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် |
| ၆၅၀။ | ဦးမြင့်နိုင် | အုပ်ချုပ်ရေးမှူး | မြောက်တံတိုင်းရှည်ကျေးရွာအုပ်စုပုသိမ်ကြီးမြို့နယ် |
| ၆၅၁။ | ဦးတင်စိုး | အုပ်ချုပ်ရေးမှူး | ကြာနီကန်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ် |
| ၆၅၂။ | ဦးအောင်မြင့် | အုပ်ချုပ်ရေးမှူး | ပလိပ်ကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ် |
| ၆၅၃။ | ဦးမှတ်တင် | အုပ်ချုပ်ရေးမှူး | ချောင်းဆုံကျေးရွာအုပ်စု၊ တောင်သာမြို့နယ် |
| ၆၅၄။ | ဦးလှတိုး | အုပ်ချုပ်ရေးမှူး | ရွှေကဖြူကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ် |
| ၆၅၅။ | ဦးသောင်းအေး | အုပ်ချုပ်ရေးမှူး | ကမ္ဘားတဲကျေးရွာအုပ်စုကျောက်ပန်းတောင်းမြို့နယ် |
| ၆၅၆။ | ဦးငွေလှိုင် | အုပ်ချုပ်ရေးမှူး | ဆူးဖြူကုန်းကျေးရွာအုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ် |
| ၆၅၇။ | ဦးစိုးသိန်း | အုပ်ချုပ်ရေးမှူး | နောင်ဘိုကျေးရွာအုပ်စု၊ သထုံမြို့နယ် |
| ၆၅၈။ | ဦးလှမင်း | အုပ်ချုပ်ရေးမှူး | ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊ သထုံမြို့နယ် |
| ၆၅၉။ | ဦးဝင်းစိုးမြင့် | အုပ်ချုပ်ရေးမှူး | နှင်းစုံကျေးရွာအုပ်စု၊ ရေးမြို့နယ် |
| ၆၆၀။ | ဦးမန်း | အုပ်ချုပ်ရေးမှူး | နီးပဒေါကျေးရွာအုပ်စု၊ မုဒုံမြို့နယ် |
| ၆၆၁။ | ဦးသန်းဆိုင် | အုပ်ချုပ်ရေးမှူး | ဝင်းစိန်ရွာသစ်ကျေးရွာအုပ်စု၊ သထုံမြို့နယ် |
| ၆၆၂။ | ဦးဝင်းအောင် | အုပ်ချုပ်ရေးမှူး | ချောင်းဆုံအနောက်ရပ်ကွက်၊ ချောင်းဆုံမြို့နယ် |
| ၆၆၃။ | ဦးလှရီ | အုပ်ချုပ်ရေးမှူး | အောက်ကျင်းရပ်ကွက်၊ မော်လမြိုင်မြို့နယ် |
| ၆၆၄။ | ဦးမျိုးဦး | အုပ်ချုပ်ရေးမှူး | ဆင်ခေါင်းကျေးရွာအုပ်စု၊ သံတွဲမြို့နယ် |
| ၆၆၅။ | ဦးစိုးဝင်း | အုပ်ချုပ်ရေးမှူး | ကျိုက်သလဲကျေးရွာအုပ်စု၊ တွံတေးမြို့နယ် |
| ၆၆၆။ | ဦးဝေလင်းအောင် | အုပ်ချုပ်ရေးမှူး | ကုန်းတလဘောင်ကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ် |
| ၆၆၇။ | ဦးသက်ပိုင် | အုပ်ချုပ်ရေးမှူး | ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် |
| ၆၆၈။ | ဦးထွန်းရီ | အုပ်ချုပ်ရေးမှူး | ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် |
| ၆၆၉။ | ဒေါ်စိုးစိုးလွင် | အုပ်ချုပ်ရေးမှူး | ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ် |
| ၆၇၀။ | ဦးခင်ဦး | အုပ်ချုပ်ရေးမှူး | အမှတ် ၈၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် |
| ၆၇၁။ | ဦးမျိုးလွင် | အုပ်ချုပ်ရေးမှူး | အမှတ် ၃ ရပ်ကွက်၊ လမ်းမတော်မြို့နယ် |
| ၆၇၂။ | ဦးမျိုးမြင့်အောင် | အုပ်ချုပ်ရေးမှူး | ဘုရားကြီးကျေးရွာအုပ်စု၊ သုံးခွမြို့နယ် |
| ၆၇၃။ | ဦးကျော်လှ | အုပ်ချုပ်ရေးမှူး | ကံဘဲ့ကျေးရွာအုပ်စု၊ တွံတေးမြို့နယ် |
| ၆၇၄။ | ဦးတင်အောင် | အုပ်ချုပ်ရေးမှူး | ကျုံတူးကျေးရွာအုပ်စု၊ ခရမ်းမြို့နယ် |
| ၆၇၅။ | ဦးလှဦး | အုပ်ချုပ်ရေးမှူး | အမှတ် ၁၃ ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် |
| ၆၇၆။ | ဦးကြည်ဝင်း | အုပ်ချုပ်ရေးမှူး | အမှတ် ၃ ရပ်ကွက်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် |
| ၆၇၇။ | ဦးမြထွန်း | အုပ်ချုပ်ရေးမှူး | အမှတ် ၂၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် |
| ၆၇၈။ | ဦးစိုးမင်းအောင် | အုပ်ချုပ်ရေးမှူး | တော်ကူးအရှေ့ကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းမြို့နယ် |
| ၆၇၉။ | ဦးမောင်စီ | အုပ်ချုပ်ရေးမှူး | ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ် |
| ၆၈၀။ | ဦးတင်ဝင်းဇော် | အုပ်ချုပ်ရေးမှူး | မဲနောကျေးရွာအုပ်စု၊ မြင်းမူမြို့နယ် |
| ၆၈၁။ | ဦးစိုးမြင့် | အုပ်ချုပ်ရေးမှူး | မကျီးတောကျေးရွာအုပ်စု၊ ရေဦးမြို့နယ် |
| ၆၈၂။ | ဦးစိုးနိုင် | အုပ်ချုပ်ရေးမှူး | ရွှေလေကျေးရွာအုပ်စု၊ စစ်ကိုင်းမြို့နယ် |
| ၆၈၃။ | ဦးစိုးနိုင်(ခ) ဖိုးသာထူး | အုပ်ချုပ်ရေးမှူး | စောင်းတန်းကျေးရွာအုပ်စု၊ ရွှေဘိုမြို့နယ် |
| ၆၈၄။ | ဦးဝင်းစောလေး | အုပ်ချုပ်ရေးမှူး | စည်သာမြေကျေးရွာအုပ်စု၊ ရေဦးမြို့နယ် |
| ၆၈၅။ | ဦးသာမိုး | အုပ်ချုပ်ရေးမှူး | ညို့တုံကျေးရွာအုပ်စု၊ ပုလဲမြို့နယ် |
| ၆၈၆။ | ဦးဉာဏ်မြင့် | အုပ်ချုပ်ရေးမှူး | တပ်ကုန်းကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ် |
| ၆၈၇။ | ဦးသန်းဆင့် | အုပ်ချုပ်ရေးမှူး | သားမျှားကျေးရွာအုပ်စု၊ နတ်မောက်မြို့နယ် |
| ၆၈၈။ | ဦးခင်မောင်မြင့် | အုပ်ချုပ်ရေးမှူး | အောင်းကျေးရွာအုပ်စု၊ ထီးလင်းမြို့နယ် |
| ၆၈၉။ | ဦးမြင့်သိန်းငွေ | အုပ်ချုပ်ရေးမှူး | သင်ပျိုကျေးရွာအုပ်စု၊ ကျောက်ဆည်မြို့နယ် |
| ၆၉၀။ | ဦးခင်မောင်သန်း | အုပ်ချုပ်ရေးမှူး | ဟသ်ာမကျေးရွာအုပ်စု၊ စဉ့်ကူးမြို့နယ် |
| ၆၉၁။ | ဦးသိန်းဇော် | အုပ်ချုပ်ရေးမှူး | ၈၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် |
| ၆၉၂။ | ဦးမြင့်ဆောင် | အုပ်ချုပ်ရေးမှူး | ဆည်ကြီးတောကျေးရွာအုပ်စု၊ မုံရွာမြို့နယ် |
| ၆၉၃။ | ဦးဝင်းမိုလ် | အုပ်ချုပ်ရေးမှူး | မကျီးစုကျေးရွာအုပ်စု၊ မြင်းမူမြို့နယ် |
| ၆၉၄။ | ဦးစိန်စော | အုပ်ချုပ်ရေးမှူး | ဇီးကန်ကျေးရွာအုပ်စု၊ နွားထိုးကြီးမြို့နယ် |
| ၆၉၅။ | ဦးကျော်ငွေ(ခ) ကျော်ကြီး | အုပ်ချုပ်ရေးမှူး | ကြောင်ပန်းကုန်းကျေးရွာအုပ်စု၊ ပုသိမ်မြို့နယ် |

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၆:၃၅** ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၀၉:၃၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၀၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
**၁၃:၀၅** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
**၁၃:၃၀** MRTV National News
**၁၅:၁၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုဇာတ်လမ်း 'လွတ်လပ်ပြီဆိုဂုံမျှပြင်'
**၁၆:၃၅** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
**၁၇:၁၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် 'အစဉ်ထာဝရပငေ့ လွတ်လပ်ရေးနေ့'
**၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ) (အပိုင်း-၄)
**၁၈:၃၅** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
**၁၈:၅၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချို့ချို့' (အပိုင်း-၁၆)
**၁၉:၄၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် 'အတိတ်သမိုင်းရှိရာသို့'
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် 'လွတ်လပ်ရေးအောင်ပန်းလန်းစေဖို့ထာဝစဉ်'
**၂၁:၂၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုဇာတ်လမ်း 'အငေပနဲ့သားများ' (ညွှန့်ဝင်း၊ ကျော်သက်၊ နေဆန်း၊ မြင့်မြင့်ခိုင်၊ စန္ဒရားခင်နုနု)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Parami Taw (Hnin Hnin Htoo)
**07:08** Historic Independence Monument
**07:27** Products of Myanmar - Pictures Decorated With Seashells And Gemstones
**07:40** International Dances in Myanmar
**08:01** Secret Recipes by Gourmet Chefs (French)
**08:47** Serene and Fun Festivities of Yaw
**09:01** News
**09:26** Global Partnership for Brighter Future: Bahrain Pavilion at Expo 2020 Dubai
**09:32** Talent Show on a Maze of Xylophones
**09:37** Come Beat Eggs For Fun & Reward
**10:01** Hsu Myat Khay Mar (Tekkatho Lei Lei)
**10:08** Ecotourism: Tour to explore

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
၂၀၂၂ခုနှစ်၊ (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စားလို့ကောင်းတဲ့သပြေသီးတာလပေါ်

**ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ရှားပါးလာသော ရိုးရာတောင်းရက်လုပ်ခြင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
လေ့ခွင်းတောင်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
စော်ဘွားကြီးစပ်ရွှေသိုက်နှင့် ညောင်ရွှေဟော်နန်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
လှိုင်မေမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ပူတာအိုသို့အလည်တစ်ခေါက်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ဆေးဖက်ဝင် တမာပင်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေ မှအစ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၂ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၂ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂၀၀)အချိန်မှ (၀၈၀၀)အချိန်အထိ ခေတ္တလမ်းပိတ် / လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြု သွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရေဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## မိုင်းရယ်၌ လွတ်လပ်ရေးနေ့ကိုဂုဏ်ပြု ကျောင်းစာကြည့်တိုက်ဖွင့်လှစ်

**မိုင်းရယ် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့တွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မိုင်းရယ်မြို့ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်သည်။

ကျောင်းစာကြည့်တိုက်ဖွင့်ပွဲတွင် မိုင်းရယ်မြို့နယ် ပညာရေးမှူး ဦးစိုင်းစိန်အောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ(တာဝန်ပေး) ဒေါ်ခင်မာလာနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်တို့က ကျောင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်းရှိ စာအုပ်၊ စာစောင်များ ခင်းကျင်းထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုနေမှုများကို ကြည့်ရှုအားပေးသည်။ ကျောင်းစာကြည့်တိုက်ရှိ စာအုပ်၊ စာစောင်များကို မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ သုတ/ ရသ စာအုပ် ၈၀၀ ကျော် လှူဒါန်းထားပြီး ကလေးငယ်များ စာပေဖတ်ရှုခြင်း အလေ့အထ တိုးပွားစေရန် ပံ့ပိုးကူညီ ပေးထားခြင်းဖြစ်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးထုတ်ဝေသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဖြန့်ဝေပေးသည်။

ဂျိုင်းလော

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၁-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၂၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၂၂၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၆/၁၃၄၅ ကျပ် | ၁၃၄၀/၁၃၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၆၀/၁၃၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၄၀/၁၃၆၀ ကျပ် | ၁၃၉၀/၁၄၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၉၀/၁၄၂၅ ကျပ် | ၁၄၉၅/၁၅၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၇ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၆၀၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၆ . ၁၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၁၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၄၀၀ | ၁၇၂ | ၁၄၁၃၃၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၂၉၉ | ၉၁၁၉၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၅ | ၁၁၇၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၈၄ | ၁၆၃၈၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၆၀၀၀ | ၆၀၀၀ | ၂ | ၁၂၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ကျန်းမာရေးဝန်ကြီးဌာန Covid-19 Central Command Centre အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၏ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်အပိုင်း(ခ)(၆/၂၀၁၈)နှင့် နောက်ဆုံးနှစ် ဘီဒီအက်စ် (၁/၂၀၁၉) (နောက်ဆက်တွဲ)သင်တန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အောင်မြင်သူများအား အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ချထားပြီးဖြစ်ပါကြောင်း၊ ဒုတိယနှစ် အမ်ဘီဘီအက်စ်(၁/၂၀၁၉)၊ တတိယနှစ် အမ်ဘီဘီအက်စ် (၆/၂၀၁၉) နှင့် နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်အပိုင်း(က)(၆/၂၀၁၉) (နောက်ဆက်တွဲ) သင်တန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး စာမေးပွဲများစစ်ဆေးရန် စီစဉ်ထားပါကြောင်း။

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ နောက်ဆုံးနှစ်(ဘွဲ့ကြို)သင်တန်းများအားလုံးကိုလည်း ဇန်နဝါရီ ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ပါမောက္ခချုပ်များနှင့် ညှိနှိုင်းဆွေးနွေးလိုပါ၍ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ နောက်ဆုံးနှစ်သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် ကြေညာထားပြီးဖြစ်ပြီး မိမိတို့ ကျောင်းသားကျောင်းသူများ ပိုမိုသိရှိစေရန်အတွက် ကျောင်းသားလက်ခံမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ တက္ကသိုလ်အလိုက်ထပ်ဆင့်ကြေညာပေးရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များလည်း ဇန်နဝါရီ ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံရသေးသည့် ကျောင်းသားကျောင်းသူများအား ကျောင်းလာရောက်အပ်နှံချိန်တွင် ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် တက္ကသိုလ်အလိုက် သက်ဆိုင်ရာမြို့နယ် ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ နောက်ဆုံးနှစ်သင်တန်းများသည် ဆေးလက်တွေ့သင်ကြားရေးကိစ္စများ ပါဝင်နေသည့်အတွက်ကျောင်းသားကျောင်းသူများနေထိုင်ရေး၊ စာသင်ခန်းများကောင်းမွန်စွာ ပြင်ဆင်ထားရှိရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် အစစအရာရာ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာ သင်ကြားရေးဆေးရုံကြီးများ၏ ဆေးရုံအုပ်ကြီးများနှင့် ညှိနှိုင်းပေးရန် လိုအပ်ပါကြောင်း။

ကျောင်းသား ကျောင်းသူများ၏ စာသင်ကြားလိုမှု၊ ကျောင်းတက်ရောက်လိုမှုများကို တက္ကသိုလ်နှင့် ဆေးရုံများရှိ သင်ကြားရေးဆရာ ဆရာမများက ဝိုင်းဝန်းပံ့ပိုးကူညီပေးစေလိုကြောင်း၊ အမြင်ကျယ်ကျယ် သတိရှိရှိ သင်တန်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း နောက်ဆုံးနှစ် သင်တန်းတက်ရောက် အောင်မြင်ပြီးဆုံးပါက မကြာမီအချိန်တွင် ဆရာဝန်ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်ကာ နိုင်ငံတော်အကျိုး၊ မိဘပြည်သူများအကျိုးကို သယ်ပိုးနိုင်မည်ဖြစ်သဖြင့် သင်တန်းပြီးဆုံးအောင် မပျက်မကွက် တက်ရောက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က နောက်ဆုံးနှစ် (ဘွဲ့ကြို)သင်တန်းများ အဆင်ပြေချောမွေ့စွာပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားသည့်ကိစ္စ၊ လုံခြုံရေးဆိုင်ရာ၊ သင်ကြားရေးဆိုင်ရာကိစ္စနှင့် ဆရာအင်အားခန့်ထားရေးဆိုင်ရာ ကိစ္စနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြောကြားခဲ့ပြီး ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က သင်တန်းများ ပြန်လည်ဖွင့်လှစ်ရာတွင် လိုအပ်မည့်ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များက ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့်လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

သတင်းစဉ်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီကုန်သွယ်ရေးဇုန်မှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀ တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ် သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



## ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေး

**နေပြည်တော် ဇန်နဝါရီ ၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိသည်။ ဇန်နဝါရီ ၃ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Infusion Set ၂၂၀၀၀၊ Blood Transfusion Set ၅၀၀၀၊ Regulator Set ၁၀၀၀၀၊ ဆေးဝါးမျိုးစုံ ကိုးမျိုး၊ စုစုပေါင်း ၁၄၈၉၁ ဒသမ ၇၁ Kg၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီသုံးခုတို့မှ Syringe ၁၂၄၆၄ ခု၊ Infusion ၂၄၂၀၊ Apron ၁၀၀၀၊




Pai Ampi Powder For Injection ၂၁၄၄၀၊ Diclo Injection ၁၆၈၈၀၊ Liquid Oxygen ၁၅၃၃၈ $m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးသိပ္ပံများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေးသိပ္ပံများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်း လေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးသိပ္ပံများ၏ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်–

| စဉ် | သင်တန်းအမည် | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | ဒုတိယနှစ် (ဒုတိယနှစ်ဝက်) | (၁၀–၁–၂၀၂၂) |
| (ခ) | ပထမနှစ် (ဒုတိယနှစ်ဝက်) | (၁၀–၁–၂၀၂၂) |

၂။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးပြီးပါက ကာကွယ်ဆေးထိုးပြီးကြောင်း ကတ်ပြားနှင့်အတူ ကျောင်းအပ်ချိန်တွင် သတင်းပို့ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေး မထိုးနှံရသေးပါက ကာကွယ်ဆေးထိုးနှံရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အမြန်ဆုံးပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား ဖုန်း ၀၆၇–၃၄၁၀၅၈၈ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ရေဦးမြို့နယ် ပလူဇာဝတိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့်ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် နှစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်သဖြင့် လူနာတင်ယာဉ်တစ်စီးပျက်စီးကာ ကျန်းမာရေးဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပလူဇာဝတိုက်နယ်ဆေးရုံမှ ဘုတလင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ်နှစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်သဖြင့် လူနာတင်ယာဉ်တစ်စီးပျက်စီးကာ ကျန်းမာရေးဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အစွန်းရောက်အယူဝါဒများဖြင့် လုပ်ကြံသတ်ဖြတ်မှုများကြောင့် ပလူဇာဝတိုက်နယ်ဆေးရုံကို ယာယီ ရုပ်သိမ်းခဲ့ပြီး အဆိုပါဆေးရုံရှိ ဆေးဝါးများကို ရေဦးမြို့ပြည်သူ့ဆေးရုံသို့ ဇန်နဝါရီ ၂ ရက်တွင် ကုန်တင်ကားတစ်စီးဖြင့် တင်ဆောင်၍ ကနီ–ကနဲကားလမ်းအတိုင်း ပို့ဆောင်ပေးခဲ့ရာ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံမှ ယာဉ်မောင်းများ ဖြစ်ကြသည့် ရေဦးမြို့ အောင်ဆန်းရပ်ကွက် ဆေးရုံ ဝန်ထမ်းအိမ်ရာနေသူများဖြစ်သည့် ဦးလှိုင်ဝင်းယု(၄၄)နှစ် (ဘ)ဦးအာယုနှင့် ဦးပြည့်စုံမောင် (၂၂) နှစ် (ဘ) ဦးကံဝင်းမောင်၊ ဆေးရုံလုပ်သားများ ဖြစ်သည့် ဦးပေါ်ရှမ်းမှောင်(၃၉)နှစ် (ဘ) ဦးထန်ဇာတွဲ၊ ဦးဖြိုးဝေဇော်(၂၅) နှစ်(ဘ)ဦးဇော်ထွန်းဦးတို့ လေးဦးသည် ဆေးရုံပိုင် လူနာတင်ယာဉ်နှစ်စီးဖြင့် ဘုတလင်မြို့နယ် လွှဲတဲကျေးရွာ "မင်းကျော်အောင်" ဆီဆိုင်အနီး၌ ည ၆ နာရီ ၅ မိနစ်တွင် သွားရောက်လွှဲပြောင်းတင်ဆောင်၍ ရေဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ထွက်ခွာလာစဉ် ည ၆ နာရီ ၂၅ မိနစ်တွင် ဘုတလင်မြို့နယ် မြောက်ကျီကျေးရွာကျော် အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လမ်းဘေးမှ လက်လုပ်မိုင်းနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ဦးလှိုင်ဝင်းယု မောင်းနှင်လာသည့် SGG 3K–4613 နံပါတ်ပါ လူနာတင်ယာဉ်၏ ယာဘက်ခြမ်း ရှေ့/နောက် ကားဘီးများထိမှန်ပျက်စီးခဲ့ပြီး **(အောက်ဝဲပုံ)** အဆိုပါယာဉ်ပေါ်ပါ ဦးလှိုင်ဝင်းယု၏ နှာခေါင်းရိုးနှင့် ယာပါးတွင်လည်းကောင်း၊ ဦးပေါ်ရှမ်းမှောင်၏ ယာလက်ဖျံ၊ ဦးခေါင်း နောက်စေ့နှင့် ဝဲရင်အုံတို့တွင် လည်းကောင်း မိုင်းစထိမှန်ဒဏ်ရာ များရရှိခဲ့သဖြင့် ပျက်စီးသွားသည့် လူနာတင်ယာဉ်အား အဆိုပါနေရာ၌ ထားရစ်ခဲ့ကာ ၎င်း၏အနောက်မှ လိုက်ပါလာသည့်ဦးပြည့်စုံမောင် မောင်းနှင်သည့်လူနာတင်ယာဉ်ဖြင့် ဘုတလင်မြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူခဲ့သည်။





ဦးလှိုင်ဝင်းယု(ဒဏ်ရာရ)


ဦးပေါ်ရှမ်းမှောင်

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးကာ ကျန်ရှိခဲ့သည့် ဆေးဝါးများ တင်ဆောင်ထားသည့် လူနာတင်ယာဉ် ပြန်လည်ပြင်ဆင်သယ်ဆောင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကယားပြည်နယ်ရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က ရှားတောမြို့နယ် ရှားတော–လွိုင်ကော်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၃**
ကယားပြည်နယ်ရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က ရှားတောမြို့နယ် ရှားတော–လွိုင်ကော်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲတွင် ရှားတောမြို့နယ်ရှားတော–လွိုင်ကော်သွားကားလမ်း မိုင်တိုင်အမှတ် ၃၉ ကီလိုမီတာအနီးတွင် တည်ဆောက်ထားသည့် အရှည်ပေ ၆၀ ရှိ သံကူကွန်ကရစ်တံတားအား KNPPနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားကြမ်းခင်းအလယ်၌ ရှစ်ပေပတ်လည်ခန့် ပွင့်ထွက်ပျက်စီးခဲ့သည်။ **(ယာပုံ)**

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တံတားပျက်စီးကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်းနှင့် အဆိုပါတံတားကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေဘို-မြစ်ကြီးနား အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၃**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၀- ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရွှေဘို-မြစ်ကြီးနားလမ်း အဆင့်မြင့်နိုင်လွန်ကတ္တရာ လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါလမ်း၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ KBS Family Company Limited မှ ဒါရိုက်တာ ဦးဘိုဘိုသောင်းက နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဆိုပါ ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုကြသည်။ (ဝဲပုံ)

အဆိုပါ ရွှေဘို-မြစ်ကြီးနားလမ်း အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်သည် ၄၇၅ ဒသမ ၉၀ ကီလိုမီတာမှ ၄၇၉ ဒသမ ၀၀ ကီလိုမီတာအထိ လမ်းအရှည် ၃ ဒသမ ၁၀ ကီလိုမီတာအား လမ်းအနိမ့်အမြင့်ဖြစ်ပေါ်နေသော နေရာများကို လမ်းညှိပေးခြင်း၊ ရေစီးရေလာကောင်းမွန်ရန်အတွက် ရေမြောင်းများနှင့် လမ်းဖြတ်ကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများအပါအဝင် နိုင်လွန်ကတ္တရာလမ်းသစ်ခင်းခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် လေးကေ့ကော်ဒေသ အင်ကြင်းမြိုင်၊ မယ်ထော်သလေးနှင့် ဖလူးကြီးကျေးရွာတို့တွင် နေထိုင်သူ ၇၅၁ ဦး ၎င်းတို့နေရပ်သို့ ထပ်မံပြန်လည်ဝင်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃**

ကရင်ပြည်နယ် လေးကေ့ကော်မြို့သစ်တစ်ဝိုက် ရောက်ရှိနေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှစတင်၍ KNU/ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားပြီး NCA ကို ပျက်စီးစေလိုသည့် ခေါင်းဆောင်အချို့ပါဝင်သောအဖွဲ့၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဆိုပါဒေသမှ အပြစ်မဲ့ပြည်သူများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာစကားများဖြင့် ပြန်လည်ဖိတ်ခေါ်ခြင်း၊ ထိုင်း- မြန်မာနယ်ခြားကော်မတီများမှ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအနက်မှ ယနေ့တွင် အင်ကြင်းမြိုင်၊ မယ်ထော်သလေးနှင့် ဖလူးကြီးကျေးရွာတို့တွင် နေထိုင်သူ အမျိုးသား ၃၉၆ ဦး၊ အမျိုးသမီး ၃၅၅ ဦး စုစုပေါင်း ၇၅၁ ဦးတို့သည် ၎င်းတို့နေရပ်သို့ အသီးသီး ထပ်မံပြန်လည် ဝင်ရောက်လာကြောင်း သိရှိရသည်။



အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ လက်ခံခဲ့ပြီး ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များနှင့် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

ပူးပေါင်း၍ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံမှ မှာယူ၍ အောက်ဆီဂျင် အရည် တန် ၂၀ တင်ဆောင်ကာ ကရင်ပြည်နယ် မြဝတီမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသည့် မော်တော်ယာဉ်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မြဝတီမြို့နယ် အပြင်ကွင်းကလေးကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ အရောက်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်မောင်း ဦးဇေယျ(ဘ) ဦးခင်လှနှင့် ယာဉ်နောက်လိုက် ဦးအောင်ကြီး(ဘ)ဦးကျော်ဝင်း တို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာ (စိုးရိမ်ရ)များ ရရှိခဲ့ပြီး မော်တော်ယာဉ်မှာ လေကာမှန်များ ကွဲကြေပျက်စီးခဲ့သည်။ အဆိုပါ ဒဏ်ရာရရှိသူများကို သင်္ကန်းညီနောင် လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် သင်္ကန်းညီနောင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပြည်သူများ၏ ကျန်းမာရေးကဏ္ဍများတွင် အောက်ဆီဂျင်လိုအပ်ချက်မရှိစေရေး ဆောင်ရွက်ပေးနေသည့်အပေါ် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ယခုကဲ့သို့ လူသားချင်းစာနာထောက်ထားမှု မရှိဘဲ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုအပေါ် ပြည်သူများက ဝိုင်းဝန်းပြစ်တင်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လုံခြုံရေးလုပ်ငန်းများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်စေရန်နှင့် ကလေးငယ်များ ပျော်ရွှင်အေးချမ်းစွာ ကစားနိုင်စေရန်အတွက် နိုဝင်ဘာ ၁ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



မဟာဗန္ဓုလပန်းခြံ၌ ဇန်နဝါရီ ၃ ရက်က လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

## အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် ကိုဗစ် -၁၉ ကူးစက်ခံရ



အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုင်အော်စတင်။

**ဝါရှင်တန် ဇန်နဝါရီ ၃**

အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း ကြေညာခဲ့သည်။

ဇန်နဝါရီ ၂ ရက်တွင် ထုတ်ပြန်သော ကြေညာချက်အရ လွိုက်အော်စတင်မှာ နေအိမ်တွင် ကိုဗစ် -၁၉ ရောဂါ လက္ခဏာများ ပြသပြီးနောက် ဆေးစစ်မှု ပြုလုပ်ရန် တောင်းခံခဲ့သည်ဟု သိရသည်။

၎င်းခံစားရသည့် ရောဂါလက္ခဏာများမှာ အပျော့စား လက္ခဏာများဖြစ်ပြီး အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ လမ်းညွှန်ချက်များအတိုင်း ငါးရက် သီးခြားခွဲ၍ နေထိုင်မည်ဟုလည်း ဖော်ပြခဲ့သည်။

အဓိက အစည်းအဝေးများကို အွန်လိုင်းပေါ်မှသာ ပြုလုပ်သွားမည်ဟုလည်း ဖော်ပြထားသည်။ ၎င်းသည် ဒီဇင်ဘာ ၂၁ ရက်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို နောက်ဆုံးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၌ ရောဂါလက္ခဏာများ မပြမီ တစ်ပတ်ကျော်က သမ္မတနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

အော်စတင်သည် ကိုဗစ် -၁၉ ကာကွယ်ဆေးကို နှစ်ကြိမ်စလုံး ထိုးပြီးသားဖြစ်ပြီး အောက်တိုဘာလအစောပိုင်းတွင် တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။

အင်န်အိတ်ချ်ကေ

## အင်္ဂလန်ရှိ အလယ်တန်းကျောင်းများ၌ ပါးစပ်၊ နှာခေါင်းစည်း ပြန်လည်တပ်ဆင်ရမည်

**လန်ဒန် ဇန်နဝါရီ ၃**

အင်္ဂလန်ရှိ အလယ်တန်းကျောင်းများ၌ စာသင်ခန်းများအတွင်း ပါးစပ်၊ နှာခေါင်းစည်း ပြန်လည်တပ်ဆင်ရတော့မည်ဟု သိရသည်။

လာမည့်သီတင်းပတ်အတွင်း ကလေးများကျောင်းပြန်တက်ရတော့မည်ဖြစ်ရာ အိုမီခရွန်ကူးစက်မှုများကို ကြောက်ရွံ့သည့်အတွက် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကြရန် တောင်းဆိုခဲ့သည်။

အင်္ဂလန်တွင် ကိုဗစ် -၁၉ ကူးစက်မှုများ မြင့်မားနေချိန် စာသင်ခန်းများအတွင်း စာသင်ကြားမှုကို ဆက်လက်ပြုလုပ်သွားမည်ဟု အစိုးရက ကတိပြုခဲ့ရာ ယခုလိုတောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူဦးရေမှာ ၁၃၇၅၈၃ ဦးရှိရာ စုစုပေါင်းကူးစက်ခံရသူ ၁၃၂၃၅၄၀၁ ဦးအထိ ရှိလာသည်ဟု ဇန်နဝါရီ ၂ ရက်တွင် ထုတ်ပြန်သည့်ထုတ်ပြန်ချက်များအရ သိရသည်။

ဗြိတိန်နိုင်ငံတွင် ကိုဗစ် -၁၉နှင့်ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ ၇၃ ဦး ထပ်တိုးလာခဲ့သည်။ ဆေးရုံ၌ လက်ရှိကုသမှုခံယူနေရသူဦးရေမှာ ၁၁၉၁၈ ဦး ရှိသည်ဟု သိရသည်။

ဆင်ဟွာ

## ဘောလုံးကြယ်ပွင့်မက်ဆီ ကိုဗစ် – ၁၉ ကူးစက်ခံရ

**ပါရီ ဇန်နဝါရီ ၃**

ဘောလုံးကြယ်ပွင့်လီယိုနယ်မက်ဆီနှင့် အခြားသော ကစားသမားသုံးဦးတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း ဇန်နဝါရီ ၂ ရက်တွင် ပြင်သစ်ဘောလုံးကလပ်ဖြစ်သည့် ပီအက်စ်ဂျီက ကြေညာခဲ့သည်။

၎င်းတို့၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး ကလပ်အသင်းက မည်သည့်ကြေညာချက်မှ ထုတ်ပြန်ခဲ့ခြင်း မရှိချေ။

၎င်းတို့ကို သီးခြားခွဲထားကြောင်းသာ ပြောသည်။ မက်ဆီတွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရသည်ဟု စစ်ဆေးတွေ့ရှိသည့်အခါ မက်ဆီမှာ အာဂျင်တီးနားရှိ ၎င်း၏နေအိမ်သို့ ကာကွယ်ဆေးထိုးရန်ပြန်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ မီဒီယာများတွင် ဖော်ပြကြသည်။

အာဂျင်တီးနားတွင် ဒီဇင်ဘာလလယ်ပိုင်းမှ စတင်ကာ ကိုဗစ် -၁၉ ကူးစက်ခံရမှု များပြားလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုရှိ ဂျွန်ဟော့ကင်းတက္ကသိုလ်၏တွက်ချက်မှုအရ အာဂျင်တီးနားနိုင်ငံတွင် ဒီဇင်ဘာ ၃၀ ရက်၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင်လည်း ဒီဇင်ဘာ ၃၁ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၃၂၂၀၀ တွေ့ရှိခဲ့ပြီး ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ဥရောပတစ်လွှားတွင် အမြင့်ဆုံး နေ့စဉ်ကူးစက်မှုဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

အင်န်အိတ်ချ်ကေ

## တောင်ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရရှိရန် ကြိုးစားမှုများကို ရပ်တန့်သွားမည်မဟုတ်ဟု တောင်ကိုရီးယားသမ္မတပြော

**ဆိုးလ် ဇန်နဝါရီ ၃**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက သူ၏သမ္မတသက်တမ်း မေလမှာပြီးဆုံးမည့်တိုင် သူ၏အစိုးရအဖွဲ့သည် တောင်ကိုရီးယားကျွန်းဆွယ် စဉ်ဆက်မပြတ်ငြိမ်းချမ်းရေးရရှိရန် ကြိုးစားမှုများကို ရပ်တန့်သွားမည်မဟုတ်ကြောင်း ဇန်နဝါရီ ၃ ရက်က ပြောကြားလိုက်သည်။

မွန်က နောက်ဆုံးသမ္မတသက်တမ်း နှစ်သစ်မိန့်ခွန်းတွင် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ကာလရှည်ကြာသွားရဦးမည်ဖြစ်သည်။

မကြာမီ ကိုရီးယားနှစ်နိုင်ငံသည် ဆွေးနွေးညှိနှိုင်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်စတင်ခဲ့မည်ဆိုပါက နိုင်ငံတကာအသိုင်းဝိုင်းက အပြုသဘော တုံ့ပြန်ကြမည်ဖြစ်ကြောင်း မွန်က ပြောသည်။

မွန်က သူ၏အစိုးရသည် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးပုံမှန်အတိုင်း ပြန်ဖြစ်ရန် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် နောက်တက်လာမည့် အစိုးရအဖွဲ့သည် မြောက်ကိုရီးယားနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်သွားမည်ဟု မျှော်လင့်ကြောင်း ပြောသည်။

သမ္မတရွေးကောက်ပွဲကို မတ် ၉ ရက်တွင် ရွေးကောက်ရန် လျာထားသည်။ မွန်ဂျယ်အင်း အစိုးရအဖွဲ့သည် ထာဝရအပစ်ရပ်စဲရေးကို နိဂုံးချုပ်စေမည့် ၁၉၅၀–၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲ အဆုံးသတ်ကြောင်း ကြေညာရန် ကြိုးစားခဲ့သော်လည်း လက်ဆုပ်လက်ကိုင်ပြနိုင်သော အဆုံးသတ်မှုမျိုး မရောက်နိုင်ဘဲဖြစ်နေသည်။

ဆင်ဟွာ

## ကော်လိုရာဒိုပြည်နယ်တောမီးကြောင့် နေအိမ် ၁၀၀၀ နီးပါး ပျက်စီးပြီး သုံးဦးပျောက်ဆုံး

**ဒင်ဗာ ဇန်နဝါရီ ၃**

အမေရိကန် အနောက်ပိုင်းပြည်နယ် ကော်လိုရာဒိုပြည်နယ်တွင် တောမီးလောင်မှုကြောင့် နေအိမ်ပေါင်း ၁၀၀၀ နီးပါး ပျက်စီးဆုံးရှုံးခဲ့ပြီး သုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု သိရသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် ဒင်ဗာမြို့အနီး မြက်ခင်းပြင်မှ စတင်၍



နေအိမ်များသို့ တောမီးကူးစက်လောင်နေသည်ကို တွေ့ရစဉ်။

တောမီးလောင်ခဲ့ခြင်း ဖြစ်သည်။ လေပြင်းများတိုက်ခတ်မှုကြောင့်လည်း အိမ်နီးချင်းမြို့များသို့ တောမီး ကူးစက်ပျံ့နှံ့ခဲ့သည်။ အနည်းဆုံး လူပေါင်း ၃၀၀၀၀ ထက်မနည်းကို ကယ်တင်နိုင်ခဲ့သည်ဟု ဒေသခံအာဏာပိုင်များကပြောသည်။

မီးသတ်သမားများသည် မီးကို အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်သည်။ နေရပ်ရွှေ့ပြောင်းရသူများသည် ဇန်နဝါရီ ၁ ရက်တွင် ၎င်းတို့၏ နေအိမ်များသို့ပြန်လာကာ ပျက်စီးဆုံးရှုံးမှုများကို စစ်ဆေးနိုင်ပြီဖြစ်သည်။

အမျိုးသားတစ်ဦးကမူ ၎င်းနေအိမ်မှာ လုံးဝပျက်စီးဆုံးရှုံးသွားခဲ့သည်ဟု သိရသည်။

မီးစတင်လောင်ရသည့် အကြောင်းကို စုံစမ်းမှုများနှင့် ပျောက်ဆုံးနေသူများကို ရှာဖွေမှုများ စတင်နေပြီဟုလည်း ဒေသခံရဲများက ပြောသည်။

### ကြေညာချက်ထုတ်ပြန်

ကော်လိုရာဒို တောမီးကို အဓိက သဘာဝဘေးအန္တရာယ်အဖြစ် သမ္မတ ဂျိုးဘိုင်ဒင်က အသိအမှတ်ပြုခဲ့ကြောင်း ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အင်န်အိတ်ချ်ကေ

## မော်ရိုကိုနိုင်ငံ၌ ကိုဗစ် - ၁၉ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ သုံးသန်းကျော်ရှိ

**ရာဘတ် ဇန်နဝါရီ ၃**

မော်ရိုကိုနိုင်ငံ၌ ကိုဗစ် – ၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးပြီးသူ ၃၀၀၅၃၆၃ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂ ရက်တွင် ကြေညာခဲ့သည်။ ယခုအချိန်အထိ မော်ရိုကိုနိုင်ငံတွင် ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးသူ ၂၂၉၃၄၂၇၂ ဦးရှိပြီး တစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူဦးရေမှာ ၂၄၅၆၀၉၄၂ ဦးရှိသည်ဟု သိရသည်။ မော်ရိုကိုနိုင်ငံသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ စတင်ကာ ကာကွယ်ဆေးထိုးနှံမှုများကို စတင်ခဲ့သည်။

ဆင်ဟွာ

# ဇန်နဝါရီ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉,၂၇၇ ဦးရှိ

**(၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ/ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၆၅,၄၉၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၁,၁၅၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၃၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၈,၉၂၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၇၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၀၁) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃၆) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၈) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၂၆) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၂) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၅၁၈) ခု | (၉၉) ဦး |
| **စုစုပေါင်း** | (၉,၆၁၈) ခု | (၁၃၀) ဦး |

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင်(၃-၁-၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၄၀၉,၄၀၁) ဦး ရှိ၍ သေဆုံးသူ (၈၅) ဦး ရှိပြီဖြစ်ရာ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျ၊ အရှေ့တောင်အာရှအပါအဝင် အာရှဒေသနိုင်ငံများစသည့် ကမ္ဘာ့ဒေသ အသီးသီးရှိ နိုင်ငံ/ဒေသပေါင်း (၁၃၂) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိပြီးဖြစ်သည်ဟု သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာ ကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင် အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၆၁၄၂၁၇၅ | ၄၁၅၄၃၀၆၀ | ၈၄၇၄၀၈ |
| ၂။ | အိန္ဒိယ | ၃၄၉၂၂၈၈၂ | ၃၄၂၉၅၄၀၇ | ၄၈၁၈၉၃ |
| ၃။ | ဘရာဇီး | ၂၂၂၉၃၂၂၈ | ၂၁၅၆၇၈၄၅ | ၆၁၉၁၇၁ |
| ၄။ | ဗြိတိန် | ၁၃၂၃၅၄၀၁ | ၁၀၄၁၀၂၇၃ | ၁၄၈၈၅၁ |
| ၅။ | ရုရှား | ၁၀၅၅၄၃၀၉ | ၉၅၄၈၀၇၆ | ၃၁၁၃၅၃ |
| ၆။ | ပြင်သစ် | ၁၀၂၅၀၃၅၈ | ၈၁၄၆၇၈၆ | ၁၂၃၉၄၂ |
| ၇။ | တူရကီ | ၉၅၅၂၈၀၁ | ၉၁၀၈၇၉၈ | ၈၂၆၃၅ |
| ၈။ | ဂျာမနီ | ၇၂၀၈၇၉၀ | ၆၄၇၈၆၀၀ | ၁၁၂၈၇၈ |
| ၉။ | အီတလီ | ၆၃၂၈၀၇၆ | ၅၁၁၉၈၉၃ | ၁၃၇၆၄၆ |
| ၁၀။ | စပိန် | ၆၂၉၄၇၄၅ | ၅၀၅၆၉၅၅ | ၈၉၄၀၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၃၄၃၃ | ၄၁၁၄၈၀၁ | ၁၄၄၁၀၂ |
| ဖိလစ်ပိုင် | ၂၈၅၅၈၁၉ | ၂၇၇၉၂၄၁ | ၅၁၅၈၆ |
| မလေးရှား | ၂၇၆၄၃၅၄ | ၂၆၉၂၂၁၆ | ၃၁၅၃၂ |
| ထိုင်း | ၂၂၃၂၄၈၅ | ၂၁၇၇၆၃၃ | ၂၁၇၃၈ |
| ဗီယက်နမ် | ၁၇၇၈၉၇၆ | ၁၃၉၇၁၅၇ | ၃၃၀၂၁ |
| မြန်မာ | ၅၃၁၁၅၅ | ၅၀၈၉၂၆ | ၁၉၂၇၇ |
| စင်ကာပူ | ၂၈၀၂၉၀ | ၂၇၆၂၇၉ | ၈၂၉ |
| ကမ္ဘောဒီးယား | ၁၂၀၅၁၆ | ၁၁၆၉၅၂ | ၃၀၁၄ |
| လာအို | ၁၁၃၄၃၂ | ၁၀၃၈၃၃ | ၃၉၁ |
| ဘရူနိုင်း | ၁၅၅၀၆ | ၁၅၃၁၇ | ၉၈ |

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၂၈၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၄၂၃၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၂၈၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၃၁၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၂၇၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၅၈၈၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၅၇၇ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၄၇၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၃၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်မဲမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ငွေကျပ် ၇၇၄ သိန်း တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၁၄ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

ကျောက်မဲမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ငွေကျပ် ၇၇၄ သိန်းတန်ဖိုးရှိ ထိန်းချုပ် ဓာတုပစ္စည်းဆိုဒီယမ်ဆိုင်ယာနိုက် ၁၄ တန်ကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ညနေ ၆ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် သီန္နီမှ မန္တလေးသို့ အောင်ဇော်ဦး မောင်းနှင်ပြီး သန်းဝင်း လိုက်ပါလာသည့် NISSAN ၆ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၆ ဒသမ ၉ တန် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း မိုင်တိုင် အမှတ် (၄၇/၄၈) ကြားတွင် နောင်ချိုမှ ပြင်ဦးလွင်ဘက်သို့ ရန်ဖြိုးအောင် (ခ) မောင်ကြီး မောင်းနှင်ပြီး ထက်အာကာ (ခ)ကိုထက် လိုက်ပါလာသည့် NISSAN ၆ ဘီး မော်တော်ယာဉ်ကို ရှာဖွေရာ အလားတူ ထိန်းချုပ် ဓာတုပစ္စည်းဆိုဒီယမ် ဆိုင်ယာနိုက် ၇ ဒသမ ၁၅ တန် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ် ၇၇၄ သိန်းတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၁၄ တန်ကျော် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ လေးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ကျောက်မဲမြို့နယ်တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက်များနှင့် အောင်ဇော်ဦး၊ သန်းဝင်းတို့ကို တွေ့ရစဉ်။



ပြင်ဦးလွင်မြို့နယ်တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက်များနှင့် ရန်ဖြိုးအောင်(ခ) မောင်ကြီး၊ ထက်အာကာ(ခ) ကိုထက်တို့ကို တွေ့ရစဉ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်မြင့်မိုရ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀) မြေကွက်အမှတ် (၈၃)၊ ဧရိယာ အကျယ်အဝန်း(၄၀'X ၆၀')ရှိ ပါမစ်မြေကွက်နှင့် ရေမီးစုံအပါအဝင် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းနှင့်ရန်ကုန်မြို့၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် အမှတ်စဉ်အမှတ် (၅/၁-၁-၉၇/၄၆၆၀)အရ ဗိုလ်ကြီး ကျော်ကျော် ၉/အမရ(နိုင်)၀၉၇၉၂၁ အမည်ဖြင့် ထွက်ရှိထားသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက် နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်နုနုငယ် ၁၂/သဃက(နိုင်) ၀၀၃၀၄၇ က ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့်၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုမြာ (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ငူမြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ် (၆)၊ ကြက်တည်အကွက်၊ ဦးပိုင် အမှတ်(၁၂/စ)၊ ဧရိယာ ၀ ဒသမ ၂၁၈ဧကရှိ ဦးအောင်လွင် အမည်ပေါက် ပိုင်ဆိုင်သော အရှေ့-နံပါတ်(၅)လမ်း၊ အနောက်-ဦးပိုင်(၁၁)၊ တောင်-ဦးပိုင်(၁၂/ဃ)၊ မြောက်-ဦးပိုင် (၁၃၊ ၁၄/က၊ ၁၄/ခ၊ ၁၂/င၊ ၁၂/ဃ)အတွင်းရှိ ဘိုးဘွားပိုင် ခြံမြေကို ဦးသိန်းကျော်မှ အမည်ပြောင်းပေးရန် လျှောက်ထားမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ သတ်မှတ်ကာလအတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၃**

မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ ကိုလင်း(ခ) လင်းခန့်ကျော်၊ မနှင်းဝေဝေ (ခ)သဲသဲ၊ ရဲဇော်ထွေး၊ ချစ်သဲမောင်၊ အင်းစိန်မြို့နယ်နေ ဒေါ်စိုးစိုးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ ရဲဝင်းအောင်တို့က လှိုင်သာယာမြို့နယ်နေ မ --- (၁၅နှစ်) ကို တရုတ်နိုင်ငံရှိ စားသောက်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၅ သိန်းရမည်ဟု စည်းရုံးပြောဆို၍ တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း (ပ) ၅၇၇/ ၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈/ ၃၂ ဖြင့် မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ မနှင်းဝေဝေ (ခ)သဲသဲ၊ ရဲဇော်ထွေး၊ ချစ်သဲမောင်၊ ဒေါ်စိုးစိုးနှင့် ရဲဝင်းအောင်တို့ငါးဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၈ (က) အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နေ ဒေါ်ဆောင်းမြင့်(ခ) ခင်မြင့်က မြစ်ကြီးနားမြို့နေ မ --- (၂၀နှစ်)နှင့် မ --- (၁၆ နှစ်)တို့ကို တရုတ်နိုင်ငံတွင် လစာကောင်းသည့် အလုပ်ရှိကြောင်း စည်းရုံးပြောဆို၍ တရုတ် အမျိုးသားများထံ ပို့ဆောင် ရောင်းစားခဲ့သဖြင့် တာလောကြီး နယ်မြေရဲစခန်း (ပ) ၂၁/ ၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြစ်ကြီးနားခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ရက်တွင် တရားခံ ဒေါ်ဆောင်းမြင့် (ခ) ခင်မြင့်ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများနှင့် ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေသူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၃**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများနှင့် ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်သူများအား အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ငပုတောမြို့နယ် အမှတ် (၂) ရပ်ကွက်နေ မရွှေစင် (ခ)ရွှေစင်ဝင်း(မိ)၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နေ ထွန်းလင်း(ခ)မိုးမိုး(မိ)၊ လှိုင်သာယာမြို့နယ်နေ မချိုမာ(ခ) ခင်မိုးသူ(မိ) နှင့် မမိငယ်(တိမ်းရှောင်)တို့က လှိုင်သာယာမြို့နယ်နေ မ --- (၃၁ နှစ်)ကို တရုတ်နိုင်ငံသားနှင့် တစ်နှစ် ပေါင်းသင်းပါက ငွေကျပ်သိန်း ၂၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသား တစ်ဦးထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် လှိုင်သာယာ မြို့မရဲစခန်း(ပ) ၁၃၂၇/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တရားခံ မရွှေစင်(ခ) ရွှေစင်ဝင်းနှင့် ထွန်းလင်း (ခ)မိုးမိုး တို့ကိုလည်းကောင်း၊

သရက်မြို့နယ်နေ မ --- (၂၂ နှစ်)ကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နေ ကောင်းထက်စံ (ခ) မှန်ကြီး (ခ)ကောင်းချစ်စံ(မိ)၊ လိပ်စာတူ မအိသန္တာဖြိုး(ခ) မအိ(ခ)ကုလားမ(မိ)နှင့် အောင်လံမြို့နေသူ မခိုင် (တိမ်းရှောင်) တို့က ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဘားအံမြို့မ ရဲစခန်း(ပ)၁၇၈/၂၀၂၁၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဘားအံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၃၀ ရက်တွင် တရားခံ ကောင်းထက်စံ(ခ) မှန်ကြီး (ခ) ကောင်းချစ်စံနှင့် မအိသန္တာဖြိုး (ခ) မအိ (ခ) ကုလားမ တို့ကိုလည်းကောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥက္ကဋ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဆင်ရွာကျေးရွာနေ ဦးကျော်ဝင်း၏ သမီး ၉/သစန(နိုင်) ၁၅၆၈၀၆၏ အမည်မှန်မှာ မရွှေစင်ဝင်း ဖြစ်ပါကြောင်း။

**မရွှေစင်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CHN/3173, KTM DUKE-200 ယာဉ်လက်ဝယ်ရှိသူ ဦးသယ်ကျဲအို ၄/ဟခန(နိုင်)၀၃၄၃၅၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး(ဟားခါး)**

## အစုရှယ်ယာ မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ "ရတနာရာပြည့်အောင် ကုမ္ပဏီလီမိတက်"၏ အစုရှယ်ယာ မတည်ရင်းနှီးငွေ တန်ဖိုးအား ငွေကျပ် ၅၀၀၀၀၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀၀၀၀ သို့ ပြင်ဆင်လျှော့ချ လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

## အမြန်ဆက်သွယ်ပေးပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင်-ဝါးတရာကျူးကျော်ရပ်ကွက်၌ လွန်ခဲ့သော လေးနှစ်ခန့် က နေထိုင်ခဲ့သော ကျွန်မ မနှင်းသက်ဝေ(ခ)အကြင်နာသည် မိဘ- ဦးဘိုဘို-ဒေါ်နှင်းဆီ၊ အဒေါ်- မခိုင်တို့နှင့်အတူ နေထိုင်ခဲ့ရာမှ ငွေဆောင်ကမ်းခြေတွင် ရေလုပ်ငန်းများလုပ်ကိုင်၍ လေးနှစ်ခန့်ကြာသွားပြီး မိဘများထံ ပြန်လည်ရှာဖွေရာ ၎င်းနေထိုင်ရာ အိုးအိမ်များနှင့် အဒေါ်-မခိုင် ပါ လုံးဝစုံစမ်းရှာဖွေမရတော့ပါ၍ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ကျွန်မ၏ မိဘများ စုံစမ်းသိရှိပါက(မနှင်းသက်ဝေ -ဖုန်း-၀၉-၂၅၄၆၁၉၄၂၃)သို့ အမြန်ဆုံး ဆက်သွယ်ပေးပါက ကျေးဇူးဆပ်ပါမည်။

**မနှင်းသက်ဝေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၅၂၉၄၇, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေလှိုင် ၉/လဝန(နိုင်) ၂၀၉၃၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်ရုံး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အိမ်အမှတ်(၃၀)ပေါ်တွင် အခန်းပေး အခန်းယူဆောက်လုပ်ထားသော တိုက်ခန်းများအနက်မှ အမှတ်(၃၀/ဘီ)၊ အခန်းအမှတ်(၇)၊ တတိယထပ်၊ (၄)လွှာ အကျယ်အဝန်း အလျားxအနံ(၁၅x၅၀)ပေရှိ အခန်း(၁)ခန်းအား တရားဝင်ပိုင်ဆိုင်သူ ဒေါ်မေခင် ၁၂/သဃက(နိုင်)၀၃၃၃၉၁ က ယခုရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မေဦးသည် ၁၂/ဒဂန(နိုင်)၀၀၄၀၀၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းပိုင်ဆိုင်မှုအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခင်မေဦး**
**၁၂/ဒဂန(နိုင်)၀၀၄၀၀၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင်(LL.B)**
**(စဉ်-၁၃၄၉၈/၂၀၁၇)**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၅၀၅၅၀ လက်ဝယ်ရှိသူ ဒေါ်ခြူးငယ်ငယ် ၁၀/မလမ (နိုင်) ၂၄၂၉၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## လူပျောက်ကြော်ငြာခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာ၊ အမှတ်(၃) ရပ်ကွက်၊ နှင်းဆီလမ်း၊ အိမ်အမှတ်(၃၀)နေ ကျွန်မ ဒေါ်စောရင် (EG-၀၅၁၃၁၂)၏ မြေးဖြစ်သူ မိစောယုစံ ၁၀/ခဆန(နိုင်)၁၃၀၆၉၆သည် ၁၆-၂-၂၀၂၁ ရက်မှ စတင်ပျောက်ဆုံးသွားခဲ့ရာ လိုက်လံရှာဖွေစုံစမ်းသော်လည်း ယနေ့အထိ သတင်းတစ်စုံတစ်ရာရရှိခြင်းမရှိပါသဖြင့် မိစောယုစံအား တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးသူအား ထိုက်သင့်သော ဆုငွေ ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စောရင်(ဘ)ဦးသာဇဉ် (EG-၀၅၁၃၁၂)**
**ချောင်းဆုံမြို့နယ်**
**ဖုန်း-၀၉-၉၆၉၄၁၆၁၀၇၊ ၀၉-၇၅၀၇၅၅၉၅၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9558 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ နယ်မြေ၁၀(က)၊ အမှတ် မ/592 နေ(ဘ) ဦးထွန်းထွန်း -(အမိ) ဒေါ်မြတ်စန္ဒာကြည်တို့၏သား မောင်ရဲမင်းဦး၉/တကန(နိုင်)၁၇၅၀၁၄သည် မိဘများအပေါ်တွင် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးထွန်းထွန်း ၉/တကန(နိုင်)၀၁၄၈၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/47372 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်မိ ၉/မဟမ(နိုင်)၀၅၆၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၈၂/၃၄/၁၀ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၄၅/က)၊ အကျယ်အဝန်း ပေ ၂၀ x ပေ ၆၀ ရှိ ဒေါ်သိန်းညွန့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် မြေကွက်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဒေါ်ယမင်းခိုင် ၇/သဝတ(နိုင်)၀၇၉၀၉၃ထံမှ ကျွန်တော် ဦးနိုင်လင်းဦး ၁၂/လမန(နိုင်)၁၃၄၀၇၄က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤသတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးနိုင်လင်းဦး**
**အမှတ်(၁၁၁၉)၊ မြေညီထပ်၊ ဝဇီရာ(၉)လမ်း၊ (င)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၄၀၆၈၅၃**

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## သွာနုတ္တသားအဖြစ် ကြေညာ၍ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ နယ်မြေ(၉)၊ အမှတ်(၇၅၀)နေ ကျွန်တော် ဦးခင်ဇော် ၁၀/မလမ(နိုင်)၀၈၅၇၅၅ နှင့် ကျွန်မ ဒေါ်ဝင်းဝင်းမော် ၁၀/မလမ(နိုင်)၀၈၅၉၇၃တို့က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော်၊ ကျွန်မတို့၏ သားကြီးဖြစ်သူ မောင်ဇေယျာလင်း ၁၀/မလမ(နိုင်)၁၉၂၇၉၅သည် မိဘများ၏ လမ်းညွှန်ဆုံးမမှုများကို မနာခံသည့်အပြင် မိဘများအား ရန်သူသဖွယ် ပြုမူဆက်ဆံလျက် လွန်စွာကိုယ်စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုမူနေသဖြင့် ၎င်းအား သွာနုတ္တသားအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့် မည်သည့်ကိစ္စကိုမျှ ပတ်သက်ဆက်နွယ်ခြင်းမပြုပါ။

**ဦးခင်ဇော်-ဒေါ်ဝင်းဝင်းမော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀
## ချောင်းဆုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၂

ဦးလှထွန်း နှင့် ၁။ ဒေါ်လှမြိုင်
၂။ ဒေါ်မြင့်ငွေး
လျှောက်ထားသူ လျှောက်ထားခံရသူများ

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးကျေးရွာအုပ်စု၊ တကူတာကျေးရွာ၊ ရပ်ကွက်(၁၆)နေ အမှတ်(၂) လျှောက်ထားခံရသူ ဒေါ်မြင့်ငွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ လျှောက်ထားသူ ဦးလှထွန်းက တရားမကျင့်ထုံး ဥပဒေအမိန့် -၂၁၊ နည်း-၅၈အရ စွဲကပ်ထားသည့် ပညတ်ဝရမ်းအား ခွာပေးစေလိုမှုကို ၁၂-၁၁-၂၀၂၀ ရက်တွင် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၇ရက် (၁၃၈၃ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ လျှောက်ထားသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် လျှောက်ထားသူများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဲသဲကျော်)**
**မြို့နယ်တရားသူကြီး**
**ချောင်းဆုံမြို့နယ်တရားရုံး**

## ဒေါ်စိုးသန္တာအောင် ၁၁/စတန(နိုင်)၀၆၉၆၂၃နှင့်တကွ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ယမုံနာလမ်း၊ အေ/၃၊ ပထမထပ်နေ ဦးကျော်လင်းထွန်း ၁၀/မလမ(နိုင်)၁၅၉၀၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လင်းထွန်းနှင့် ဒေါ်စိုးသန္တာအောင်တို့မှာ ၁၆-၂-၂၀၂၁ရက်တွင် တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်လျက်ရှိရာ ဒေါ်စိုးသန္တာအောင်အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား တစ်စုံတစ်ရာပြောကြားခြင်းမရှိပါဘဲ ၃-၁၂-၂၀၂၁ရက်တွင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား ယူဆောင်ကာ နေအိမ်မှ ထွက်ခွာသွားသောကြောင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှများစွာစိတ်ပူပင်လျက်ရှိသဖြင့် ဒေါ်စိုးသန္တာအောင်အနေဖြင့် အမြန်ဆုံးပြန်လာစေလိုပါသည်။ ဒေါ်စိုးသန္တာအောင်အား လက်ခံထားသူ မည်သူမဆိုအား တရားဝင်လင်ယောကျ်ားအနေဖြင့် ဦးကျော်လင်းထွန်းမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရနိုင်(စဉ်-၉၆၁၀/၂၀၁၄)**
**အယ်လ်အယ်လ်ဘီ(ဥပဒေတွဲ)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်-G၊ အမှတ် ၇၀၂၊ မိုးကောင်းလမ်း၊ ရွှေမိုးကောင်းအိမ်ရာ၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၀၇၀၆၄**

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ရေနီကျေးရွာအုပ်စု၊ အကွက်အမှတ်(၇၃၇)၊ အကွက်အမည် ဝွေးသုံးပင်ကွင်း၊ ဦးပိုင်အမှတ်(၁/၂)၊ ဧရိယာ ၀ ဒသမ ၁၁ ဧကရှိ ဒေါ်ခင်မော် အမည်ပေါက် ဘိုးဘပိုင်မြေအမျိုးအစား (အဆောက်အအုံ)မြေကွက်အား (ရောဝတီဘဏ်ကိုယ်စား) ဒေါ်ယဉ်ယဉ်အေးမှ မြေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ (၁)လအတွင်း တောင်ငူခရိုင်၊ ရေတာရှည်မြို့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ (၁-က)စာရင်း၌ ရောဝတီဘဏ်အမည်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ယဉ်ယဉ်အေး(ရောဝတီဘဏ်ကိုယ်စား)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၅၉၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးကျော်သီဟအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၃၅/၂၀၂၀)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဒေါ်စုစုမာ(ဘ) ဦးမောင်မောင်ကြီး ၉/မရမ(နိုင်)၀၇၉၆၀၂မှ ဦးကျော်မြင့် (ဘ) ဦးအိုက်ဆန်း ၁၃/တယန(နိုင်)၀၄၀၈၅၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးမျိုးမင်းသူ၏ သား ပုလဲစံပြ ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်းမှ မောင်မင်းနိုင်ဟံအား ယနေ့မှစ၍ မောင်သုနိုင်းထက်ဟု ပြောင်းလဲခေါ်ဆိုနိုင်ရန်။

**မောင်သုနိုင်းထက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အထက(ငန်းစပ်) Grade-10 မှ မောင်ဟိန်းထက်ဇော်၏ ဖခင် ဦးစိုးလင်းနှင့် ဦးစိုးမြင့်နိုင် ၈/ခမန(နိုင်) ၁၄၈၄၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ တမ္ပဝတီရပ်ကွက်နေ ဦးခင်မောင်တိုး ၉/ကပတ (နိုင်)၀၁၇၈၀၆ ပိုင်ဆိုင်သည့် ပုပ္ပားကျေးရွာ၊ ပုပ္ပားကွက်သစ်၊ အကွက်အမှတ်(၀/ ၉၅)၊ အကျယ်ပေ (၈၀x၆၀)ရှိ ဦးဗိုလ်နု အမည်ပေါက် ဝိုင်းမြေမူရင်းစလစ် ပျောက်ဆုံးသွားသဖြင့် စလစ်အသစ် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်တိုး ဖုန်း-၀၉-၄၂၅၄၅၂၁၁၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ "စည်းစိမ်ရှင်"ခန်းမတွင် ဖွင့်လှစ်ထားသော"Dream Cafe"ဆိုင်ပိုင်ရှင် ဒေါ်ချိုချိုလင်း ၁၃/တကန(နိုင်)၂၇၃၄၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေသည် Online စာမျက်နှာတွင် "Layeik Cho " Facebook Account ပိုင်ရှင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် ဖွင့်လှစ်ထားပြီး "Dream Cafe" ဆိုင်ပိုင်ရှင်အနေဖြင့် ကောင်းသောဂုဏ်သတင်းနှင့် လုပ်ကိုင်နေထိုင်သူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ လုပ်ကိုင်လျက်ရှိသော အထက်ဖော်ပြပါ လုပ်ငန်းပိုင်ရှင်အား အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ Facebook , Messenger, Comment များတွင် ကျွန်ုပ်မိတ်ဆွေ၏ Personal Account ကို ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူရေးသားဖြန့်ဝေပြုလုပ်နေသည်ကို တွေ့မြင်ကြားသိရပါသည်။ ကျွန်ုပ်မိတ်ဆွေ အသုံးပြုနေသော " Layeik Cho " Facebook Accountနှင့်ပတ်သက်၍ Online စာမျက်နှာများတွင် Page, Groupများမှ ကျွန်ုပ်မိတ်ဆွေ၏ Personal Account ကို ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူရေးသားဖြန့်ဝေပြုလုပ်နေသော ပြောဆိုရေးသားမှု ကို လူမှုကွန်ရက်များပေါ်တွင် Postတင်ခြင်း၊ Accountများတွင် ထပ်ဆင့် Share ခြင်း၊ Messenger, Commentများတွင် ဝင်ရောက်ရေးသားခြင်းများ လုံးဝမပြုလုပ် ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။

ဤတားမြစ်ချက်အား လိုက်နာဆောင်ရွက်ပေးခြင်းမရှိဘဲ တစ်စုံတစ်ရာ ပြုမူပြောဆိုရေးသား ဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဆုံးရှုံးနစ်နာသမျှသော ကိစ္စအဝဝတို့ အားလုံးနှင့်ပတ်သက်သည့် လျော်ကြေး၊ နစ်နာကြေးများကိုလည်း တရားမကြောင်းအရ တရားစွဲဆိုတောင်းခံသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပပဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၂၈/၁၉)**
**အမှတ်(၁)၊ မြို့ဟောင်းရပ်ကွက်၊ မကွေးမြို့**

## ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ Hein Aung Tet Co.,Ltd. မှ Export Allow Shipment (၂)စောင်ဖြစ်သော (1) ED No. 200041625501 9-11-2019, (2) 200041879450 16-11-2019 တို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၁၅၉၉၃၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်-၉၁၉ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၉၁၉၊ မြေအကျယ်အဝန်း ပေ၄၀x၆၀အကျယ်ရှိမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းခြမ်း)အကျယ်အဝန်းပေ၂၀x၆၀ရှိ ဦးငြိမ်းမောင် (အေအေ-၁၀၃၂၇၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဆင့်ဆင့်ဦး ၁၂/မရက(နိုင်)၀၆၂၈၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်နိုင် ၇/ပတန(နိုင်)၀၉၁၉၁၇က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်(LL.B),W.I.P.O(Geneva)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၈)**
**အမှတ်-၈၊ ပထမထပ်၊ ခေမာလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၃၁၁၂၅၇၁၊ ၀၉-၇၉၉၉၁၀၄၃၀**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ်-၈

ဒေါ်လှလှ လျှောက်ထားသူ။

**ကွယ်လွန်သူ ဦးအုန်းလှိုင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မြွေရွှေဂဲအုပ်စု၊ မြွေကြည်ကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအုန်းလှိုင်၏ကျန်ရစ်သောပစ္စည်းများ အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်လှလှက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်းလှိုင်၏ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟုအဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (၁၃၈၃ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်လှလှ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ပဒင်းတန်းလမ်း၊ အမှတ်(၆၇၇-မ)နေ ဦးဟင်ဒူလား(PKW-003687)၊ ဒေါ်တင်တင်မြင့် (KMDE-015187)တို့၏သားဖြစ်သူ မောင်တင်ဇော်ဦး (KMDE-023670)သည်မိဘ၏ ဆိုဆုံးမမှုအား နားမထောင်ဘဲ ၎င်းသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဟင်ဒူလား-ဒေါ်တင်တင်မြင့်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/တောင်၊ မြေကွက်အမှတ် ၈၂၉/က၊ ဧရိယာ ၂၀'x၆၀'၊ မြေကွက်တည်နေရာအမှတ် ၈၂၉/က၊ ရန်ပြေ(၂)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်မူမူမြိုင် ၁၂/သကတ(နိုင်)၀၀၁၄၄၈ အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား ဒေါ်မူမူမြိုင်(အစ်မ)သည် အပိုကြီးဘ၀ဖြင့် လည်းကောင်း၊ ကျန်အစ်မတစ်ဦးဖြစ်သူ ဒေါ်ညွန့်ညွန့်ရွှေမှာလည်း အပိုကြီးဘ၀ဖြင့် လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ကျန်ညီမတစ်ဦးဖြစ်သူ ဒေါ်မို့မို့ ၁၂/သကတ (နိုင်)၀၀၄၇၆၇ မှ ဖခင် ဦးချစ်သောင်းနှင့် မိခင် ဒေါ်ကျင်ပုတို့တွင် ဒေါ်ညွန့်ညွန့်ရွှေ၊ ဒေါ်မူမူမြိုင်၊ ဒေါ်မို့မို့ သားသမီး(၃)ဦးမွေးဖွားကြောင်း၊ အခြား ကတ္တိမ မွေးစားထားခြင်းမရှိကြောင်း၊ ဒေါ်ညွန့်ညွန့်ရွှေ၊ ဒေါ်မူမူမြိုင်တို့တွင်လည်း ကိတ္တိမမွေးစားထားခြင်းမရှိကြောင်း၊ အဆိုပါမြေကွက်ကို ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက တရား၀င်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၈၊ မြ၀တီလမ်း၊ မြေကွက်အမှတ် (၄၀၀) ဟုခေါ်တွင် သည့် ( အလျား ၄၀ ပေ × အနံ ၆၀ ပေ ) ခန့်ရှိသည့် ဦးစိန်တုတ် (J/RGN-၀၁၈၇၃၉)အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အနက်မှ တရား၀င်ခွဲစိတ်ခြင်းမပြုရသေးသည့် ခြေရင်းခြမ်း အလျား ၂၀ ပေ × အနံ ၆၀ ပေခန့်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ဆဲ (၂)ထပ် တိုက်အဆောက်အဦးအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်ထံမှ စာချုပ်စာတမ်းအစဉ်အဆက်ဖြင့် ၀ယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဆိုလာသူ ဒေါ်ငြိမ်းငြိမ်းမြင့် (၁၄/ကလန (နိုင်) ၀၈၂၁၈၉ ) နှင့် ဦးသီဟတင်ထွဋ် (၁၄/ကလန (နိုင်) ၁၁၁၁၈၆) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအ၀ယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) များဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအ၀ယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိထားဖြူ
LL.B, D.B.L, D.I.L, (MA.Business Law),D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၅)
အမှတ်-၁/ဒီ၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၅၀၅၈၇၁

## ၁၆-၁၂-၂၀၂၁ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ -၂၈တွင် ဦးကျော်ဆန်း၀င်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးနေဦး၏ "ဒေါ်ခင်မြအေးနှင့်အများသိစေရန်ကြေညာခြင်း"အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့နေဒေါ်ခင်မြအေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းရှင်းလင်း ကြေညာအပ်ပါသည်-

၁၆-၁၂-၂၀၂၁ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂၈တွင် ဦးကျော်ဆန်း၀င်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးနေဦး၏ "ဒေါ်ခင်မြအေးနှင့်အများသိ စေရန်ကြေညာခြင်း" ပါဖော်ပြချက်များမှာ မှန်ကန်ခြင်းမရှိပါ။ဦးမျိုး၀င်းကျော်မှာ ဦးရွှေခဲ-ဒေါ်တင်တင်ဦးတို့၏ တရား၀င်အမွေစား အမွေခံသားမဟုတ်ပါ။ ဒေါ်ခင်မြအေးမှာကွယ်လွန်သူ မွေးစားမိဘများဖြစ်ကြသော ဦးရွှေခဲ-ဒေါ်တင်တင်ဦးတို့၏အမွေစားအမွေခံသမီးဖြစ်ပြီး ၎င်းတို့၏ အမွေကို ဆက်ခံရရှိသူဖြစ်ပါသည်။ ထို့ကြောင့် မွေးစားမိဘများဖြစ်ကြသော ဦးရွှေခဲ-ဒေါ်တင် တင်ဦးတို့ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများအား ဒေါ်ခင်မြအေးမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ပါရန် ဦးကျော်ဆန်း၀င်းအနေဖြင့် ယခုကဲ့သို့ လွှဲအပ်ကြေညာပိုင်ခွင့်မရှိပါ။ အကယ်၍ ဒေါ်ခင်မြအေးအနေဖြင့် ဦးရွှေခဲ-ဒေါ်တင်တင်ဦးတို့၏ အမွေပစ္စည်းများကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းတစ်နည်းနည်းလွှဲပြောင်းခြင်း ပြုလုပ်မည်ဆို ဦးတော့ပင် ဦးကျော်ဆန်း၀င်းအနေဖြင့် ဒေါ်ခင်မြအေးနှင့် ပစ္စည်းလွှဲပြောင်းလက်ခံသူတို့အပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများလည်း ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း၊ ဦးရွှေခဲနှင့် ဒေါ်တင်တင်ဦးတို့ကွယ်လွန်ရာ၌ လူကြီးမင်း၏ ကြေညာချက်ပါအတိုင်း ပစ္စည်းများကျန်ရစ်ခဲ့ခြင်း မရှိပါကြောင်း ဦးကျော်ဆန်း၀င်းနှင့်အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ခင်မြအေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ခိုင်ဦး(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၈၂/၁၃-၉-၁၂)
အမှတ်-၅၅၊ ဒုတိယထပ်၊ အခန်း၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁၈-၃၈၃၈၂၉

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ မြေကွက်အမှတ် ၁၅၂၊ မြေကွက်တည်နေရာအမှတ် (၁၅၂)၊ ၀ေဇယန္တာလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်း မြို့နယ် ဦးရဲထွန်း ၁၂/ဥကမ(နိုင်)၀၀၀၅၉၅အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးရဲထွန်း ၁၂/ဥကမ(နိုင်)၀၀၀၅၉၅ မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်အမှတ်စဉ် - ၁၁/၅၄/၂၀၂၁ (၁-၁၁-၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်၀န်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာမှုအပေါ် တရား၀င်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့် ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်AYY/14051 Honda PCX 150 ယာဉ်လက်၀ယ်ရှိသူ ဦးဝေလင်းအောင် ၁၄/အဂပ(နိုင်)၂၀၁၃၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ဟင်္သာတ)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/7694 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ် ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၀န်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယ ဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၃)နေရာအတွက် အောက်ဖော်ပြ ပါ ပညာအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထား နိုင်ပါသည်-

(က) B.A(English)/B.A(English)(UFL) (၁)နေရာ
(ခ) B.C.Sc/B.C.Tech (၂) နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရ မည်။
(ဃ) နိုင်ငံ့၀န်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြု ချက်ဖြင့် ၀န်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)
(င) B.A(English)/B.A(English)(UFL)ဘွဲ့ရရှိ လျှောက်ထားသူများအနက် စကား ပြန်စွမ်းရည်ကျွမ်းကျင်သူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ် နှင့် အောင်မြင်ခဲ့သည့် တက္ကသိုလ်၊
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏အလုပ်အကိုင် နှင့် နေရပ်လိပ်စာ
(စ) ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ
(ဇ) နိုင်ငံ့၀န်ထမ်းဖြစ်ပါက လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်

၄။ လျှောက်ထားသူများသည် စာမေးပွဲ၀င်ကြေးကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ) ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းအမှတ်(MD-011791) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးသွင်းရပါမည်။

၅။ လျှောက်လွှာပုံစံအား အထက်အပိုဒ်(၃)ပါ ပုံစံအတိုင်း ပြည့်စွက်ပေးပို့လျှောက် ထားရမည်။ လျှောက်လွှာရောင်းချခြင်း၊ ထုတ်ပေးခြင်းမပြုလုပ်ပါ။

၆။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) စာမေးပွဲ၀င်ကြေးငွေပေးသွင်းသည့်ချလန်မူရင်း၊
(ခ) (၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ၊ (ကျောဘက်တွင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ် ရေးထိုးရန်)၊
(ဃ) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ(မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(င) အသက်အထောက်အထားအတွက် တက္ကသိုလ်၀င်စာမေးပွဲအောင် လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(စ) နိုင်ငံ့၀န်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ် ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ထောက်ခံချက်မူရင်း၊
(ဈ) အလုပ်ခန့်ထားခြင်းခံရပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် အနည်းဆုံး(၅)နှစ် တာ၀န်ထမ်းဆောင်နိုင်ကြောင်း ကတိ၀န်ခံချက်။

၇။ ၀န်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို အမြဲတမ်းအတွင်း၀န်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်(၅၄)၊ နေပြည်တော်သို့လိပ်မူ၍ လူကိုယ်တိုင် သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၃-၂-၂၀၂၂ ရက် (ကြာသပ တေးနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတပါ၀င် သည့် အရည်အချင်းစစ်စာမေးပွဲများ ဖြေဆိုရမည်ဖြစ်ပြီး အရည်အချင်းစစ်စာမေးပွဲအောင်မြင် သူများအား လူတွေ့စစ်ဆေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးခြင်းပြုလုပ်မည့်ရက် များကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၀န်ထမ်း ရေးရာဌာနခွဲ ဖုန်း-၀၆၇-၄၃၀၂၄၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်နေ ဦးမောင်ရွှေ-ဒေါ်အေးအေးမြင့်တို့၏သား မောင်သီဟဇော် ၅/မရန(နိုင်)၂၈၀၂၂၉၊ ချမ်းမြ၀တီရပ်ကွက်နေ ဦးသက်ထားမောင်- ဒေါ်ခင်ထားမြင့်တို့၏သမီး မခိုင်ဆုရည်မောင် ၅/မရန(နိုင်)၂၉၅၃၂၄ တို့နှစ်ဦးသည် ၂၆-၁၂-၂၀၂၁ရက်တွင် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်ပါကြောင်းနှင့် နောက်နောင် မခိုင်ဆုရည်နှင့်ပတ်သက်သော ကိစ္စအ၀၀ကို လုံး၀တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မောင်သီဟဇော်

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဗမာအေး)၊ မြေကွက်အမှတ် ၂၇၀၊ ဧရိယာ ၂၀'x၅၀'=၁၂၅၀ စတုရန်းပေ= ၀ ဒသမ ၀၂၈ ဧက၊ မြေကွက်တည်နေရာ အမှတ် ၂၇၀၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ခင်စန်းလွင် ၁၂/ဒပန (နိုင်)၀၂၄၀၆၀ အမည်ပေါက်မြေကွက်အား အမည်ပေါက်ထံမှ GP-၁၀၉၉၉/ ၂၀၁၇ (၁-၁၂-၂၀၁၇)ဖြင့် ရရှိသူ ဦးမြင့်ဦး ၁၂/ဥကတ(နိုင်)၀၃၄၆၁၂ မှ နှစ်(၆၀)ဂရန် မူရင်းသည် အထားအသိုမှားယွင်းပြီး ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်၀န်ခံချက်၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက တရား၀င်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)ဖိတ်ကြားခြင်း

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး(၂၀၂၂)အခမ်းအနားကို ၁၆-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ ၁၁:၀၀နာရီအထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင် မစိုးရိမ်ရွှေကျောင်းတိုက်သစ်၌ ကိုဗစ်-၁၉ရောဂါကာကွယ်ရေး လမ်းညွှန် ချက်များနှင့်အညီ ကျင်းပပါမည်။ ယခုနှစ်တွင် ကျန်းမာရေးအခြေအနေများကြောင့် သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများ မကျင်းပတော့ဘဲ ၂၀၂၀-၂၀၂၁ခုနှစ်အတွင်း ကွယ်လွန်ခဲ့ ကြသည့် အသင်းဝင်/မိသားစုဝင်/မြို့နယ်သူ မြို့နယ်သားများအတွက် ရည်စူး၍ သံဃာတော် များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ အမျှအတန်းပေးဝေကုသိုလ်ယူကြမည်ဖြစ်ပါသည်။ သို့ပါ၍ နေရာထိုင်ခင်းကြိုတင်စီမံနိုင်ရန် အခမ်းအနားတက်ရောက်လိုသူများအနေဖြင့် ရန်ကုန်မြို့တွင် ဥက္ကဋ္ဌ ဦးရွှေလှိုင် ၀၉-၉၇၄၀၅၇၂၉၂၊ အတွင်းရေးမှူး ဦးသန်းထွန်း ၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက် အတွင်းရေးမှူး(၁) ဦးခင်မောင်လေး ၀၉-၅၁၅၅၃၉၉၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးလှဌေး ၀၉- ၅၁၂၃၈၁၇၊ ပြန်ကြားရေးမှူး(၁) ဦးခင်မောင်ဝင်း ၀၉-၄၂၁၀၄၀၂၉၆၊ အသင်းတိုက်ရုံး ၀၁- ၈၂၂၂၀၈၈နှင့် လပွတ္တာမြို့တွင် ဌာနအမှုဆောင် ဦးအင်းကက်၊ ဦးမြတ်စိုးတို့ထံ ၁၂-၁-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ စာရင်းပေးဆက်သွယ်ကြပါရန်နှင့် အခမ်းအနားသို့ စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

## လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ၃၄လမ်းနှင့် လမ်း ၉၀ ထောင့် တွင်နေထိုင်သော ကျွန်ုပ်တို့၏မိတ်ဆွေ မဇင်သူပွင့်(ခ)မဝါ ၁/ဗမန(နိုင်)၀၄၂၆၇၅၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ မဇင်သူပွင့်(ခ)မဝါမှ တရားလိုပြုလုပ်၍ ဦးအောင်မျိုးညွန့်(ခ)ကိုဇော်ဇော် ၉/မနတ(နိုင်)၀၉၉၁၃၉အား တရားပြိုင်အဖြစ်ထားရှိကာ လင်မယားကွာရှင်းပြတ်စဲပေးရန်နှင့် ပစ္စည်း ခွဲဝေပေးစေလိုမှုစွဲဆိုခဲ့ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်(နေပြည်တော်) တရားမအထူး အယူခံမှုအမှတ် ၃/၂၀၂၀တွင် ၆-၁၂-၂၀၂၁ ရက်စွဲဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ မဇင်သူပွင့်(ခ)မဝါမှ တရားလိုပြုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ အမိန့်ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် (နေပြည်တော်)တရားမအထူးအယူခံမှုအမှတ် ၃/၂၀၂၀၏ ၆-၁၂-၂၀၂၁ရက်စွဲပါ အနိုင်ဒီကရီ အမိန့်အရ ကျွန်ုပ်တို့၏မိတ်ဆွေ မဇင်သူပွင့်(ခ)မဝါနှင့် ဦးအောင်မျိုးညွန့်(ခ)ကိုဇော်ဇော်တို့သည် တရားဝင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခွင့် ရရှိခဲ့ပြီးဖြစ်ပါသောကြောင့် တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်းနှင့် လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| မဇင်သူပွင့်(ခ)မဝါ | ဒေါ်အေးသီတာအောင် | ဒေါ်လှဝင်းသန်း |
| ၁/ဗမန(နိုင်)၀၄၂၆၇၅ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၂၀၀၁/၁၇) | (စဉ်-၁၃၄၄၄/၁၇) |

အမှတ်(၃၀)၊ ၆၈လမ်း၊ ၃၀x၃၁လမ်းကြား၊ ချမ်းအေးသာစံ
မြို့နယ်၊ မန္တလေးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ (ဘ) ဦးစောအူးသီးထယ်၏ သား ဦးစောထူးရှီး(မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ) ၁၂/ထတပ (နိုင်)၀၅၆၄၇၄မှ အောက်ဖော်ပြပါ မြေနေရာများအား လျှပ်စစ်အင်ဂျင်နီယာရုံးအမည်ဖြင့် မြေလွှဲလျှောက်ထားမှုများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | လျှောက်ထားသည့်မြေနေရာ | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | အမျိုးအစား |
|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | အကွက်အမှတ်(၆)၊ စာဖြူစု | ၄၉/ဃ | ၀.၅၄၄ | မြေလွှဲ |
| ၂ | အမှတ်(၃)ရပ်ကွက် | အကွက်အမှတ်(စီ)၊ ကန်ကြီးထောင့်မြို့သစ် | ၃၅ | ၀.၂၃၄ | မြေလွှဲ |

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကန်ကြီးထောင့်မြို့နယ်

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ကိုးသိန်းမြောက်အကွက်၊ ဦးပိုင် အမှတ်(၁၆/၅၄)၊ ဧရိယာ ၀ ဒသမ ၀၁၄၈ကေရှိမြေကို ဦးရဲထွဋ်၊ ဒေါ်မြင့်မြင့်လှိုင်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်းအထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/2178 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာ အပ်ပါသည်။

ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်3D/2120 Mitsubishi Pajero S/W(4x4) ယာဉ်လက်၀ယ်ရှိသူ ဦးသန်း၀င်း ၁၁/တကန(နိုင်)၀၁၃၃၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၁) အခြေခံပညာ အထက် တန်းကျောင်း၊ စတုတ္ထတန်းမှ(ဘ)ဦးနေ မျိုးကျော်-(အမိ)ဒေါ်တင်မိုးအေးတို့၏ သား မောင်ဝေယံမှူးအောင်အား မောင်ပြည့်ဖြိုး အမည်သို့ ပြောင်းလဲ လိုက်ပါကြောင်း အသိပေးအပ်ပါ သည်။

မောင်ပြည့်ဖြိုး

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ရွှေ၀တ်မှုံအကွက်၊ ဦးပိုင်အမှတ်(၈၆-ခ)၊ ဧရိယာ ၀ ဒသမ ၁၂၅ကေရှိမြေကို ဦးစိုးနိုင်၀င်းအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း၊ သက် တမ်းတိုး) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/5000 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ် ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/73347 ယာဉ်လက်၀ယ်ရှိသူ ဒေါ်သူဇာ ၉/ရမသ(နိုင်)၁၁၂၅၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ရမည်းသင်း)

## ဒေါ်သိန်းဖြူ
## အသက်(၉၇)နှစ်

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒေါ်လှမြသန်းတို့၏မိခင် ဒေါ်သိန်းဖြူ အသက်(၉၇)နှစ်သည် ၃၁-၁၂-၂၀၂၁ရက်(သောကြာနေ့) ည ၉:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ**
**မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဆလိုင်းဝင်းမောင်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
### အသက်(၈၅)နှစ်

(ဦးဘိုးထိုက်-ဒေါ်စိန်ခ) တို့၏သား၊ (ဦးအေးလွင်-ဒေါ်ထူးရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ဆူးလေ တာဝါ(၂) နေ (ဒေါ်ခင်ရီ) ၏ခင်ပွန်း၊ ဦးမျိုးဝင်း-ဒေါ်ခင်မာဝင်း၊ ဦးသက်ဝင်းမြင့်-ဒေါ်ခင်မျိုးဝင်း၊ ဒေါ်ခင်စိုးဝင်း၊ဦးကာလတ်-ဒေါ်ခင်ဖုန်း ဝင်း၊ ဦးစိုးမိုးဝင်း-ဒေါ်ရွှေဇင်ဖြိုး၊ ဦးစိုးမင်းဝင်း-ဒေါ်နီနီဦး တို့၏ချစ်လှစွာသောဖွေးသဖခင်၊ မြေး ရှစ်ယောက်တို့၏ အဘိုးသည် ၂-၁-၂၀၂၂ရက် နံနက် ၁၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရုပ်ကလပ်အား ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစုများ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကြီး ထွန်းထွန်းသွင် ကိုယ်ပိုင်အမှတ် ၅၈၀၇၇၉ ၉/လဝန(နိုင်)၁၀၈၇၄၆ (ဘ)ဦးမောင်ကြည် အမည်ပေါက် ပါမစ်မြေကွက် အမှတ် ပစ(င) ၇၅၂ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်စန်း ၉/လဝန(နိုင်)၀၀၈၈၄၄ (ဘ)ဦးအောင်တင်က တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက် မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊ အမည်ပေါက်၏ သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ (၁) ကွင်းအမှတ် ၁၆၉၂၊ ကင်ပွန်းတန်း၊ ဦးပိုင်အမှတ် (၄၁/၁)၊ ဧရိယာ ၀ဒသမ ၇၈၊ (၂) ကွင်းအမှတ် ၁၆၉၂၊ ကင်ပွန်းတန်း၊ ဦးပိုင်အမှတ် (၇၆/၄)၊ ဧရိယာ ၀ဒသမ၉၀၊ (၃) ကွင်းအမှတ် ၁၆၉၂၊ ကင်ပွန်းတန်း၊ ဦးပိုင်အမှတ် (၃၄/၂)၊ မြေအမျိုးနှင့် အတန်း(လယ်) ဧရိယာ ၁ဒသမ ၇၅၊ (၄) ကွင်းအမှတ် ၁၆၉၂၊ ကင်ပွန်းတန်း၊ ဦးပိုင်(၄၁/၃)၊ ဧရိယာ ၀ဒသမ၅၀ ဧက မြေကွက်နှင့် ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ (၁) ဒေါ်ခင်လှ ၉/ပမန(နိုင်)၀၀၇၆၇၁၊ (၂)ဦးသိန်းနိုင်ဦး ၉/ပမန(နိုင်)၀၁၂၇၇၇၊ (၃) ဦးအောင်သက်ခိုင် ၉/ပမန(နိုင်) ၀၀၁၂၇၈၊ (၄) ဦးချစ်ကိုဦး ၉/ပမန(နိုင်) ၀၁၂၆၈၂ ကိုင်ဆောင်သူတို့ထံမှ ဒေါ်နွယ်ဇင်မြင့် ၁၃/လလန(နိုင်)၀၅၅၀၉၂ သည် အပြီးအပိုင်ဝယ်ယူပြီးဖြစ်၍ ဒေါ်နွယ်ဇင်မြင့် အမည်ပေါက်ဖြင့် မြေရာဇဝင်များ တိုးမြှင့်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်ဇင်မြင့်**
**၁၃/လလန(နိုင်)၀၅၅၀၉၂**
**ကင်ပွန်းတန်းကျေးရွာ၊ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၈၉၂၅၁၁၁၁၃၊ ၀၉-၂၅၀၁၄၇၇၆၁**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၄၃/ဥယျာဉ်ဟောင်းရပ်)၊ မြေကွက် အမှတ်(28/151)၊ ဦးပိုင်အမှတ်(၁၉-ခ)၊ ဧရိယာ ၀ဒသမ ၁၂၅)ဧကရှိ မြေကွက်ထဲမှ တောင်ဘက်ခြမ်းရှိ မြေအကျယ် အရှေ့ဘက် (၄၅)ပေ၊ အနောက်ဘက် (၄၅)ပေ၊ တောင်ဘက်(၅၀)ပေ၊ မြောက်ဘက်(၅၀)ပေနှင့် ယင်းမြေကွက် ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ မင်္ဂလာတောင်ချွန်းလမ်း၊ အမှတ်-ခ/၁၈၉ နေ ဦးစံအေး ၁၃/တကန(နိုင်)၀၁၄၈၆၄ ၏တရားဝင် အမွေစားအမွေခံများထံမှ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် (မ/၂၁၂)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သက်မာစံ ၁၃/တကန(နိုင်)၀၀၃၄၃၆က ဝယ်ယူရန်အတွက် စရန်ငွေများပေးချေ ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါရှိပြီးသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ် ဆက်လက်ပြု လုပ်သွားမည် ဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်အမည်လွှဲပြောင်းရန်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်မာစံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်နန်းဖစ်မွန်း(LL.B,LL.M)** | **ဒေါ်နန်းဟွမ်ခမ်းလှိုင်(LL.B)** | **ဒေါ်မေဖူးလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)** | **(စဉ်-၅၄၅၂၁/၂၅-၁၁-၂၀၂၁)** | **(စဉ်-၅၄၅၃၇/ ၂၅-၁၁-၂၀၂၁)** |
| **ည/၃၂၆၊ သစ္စာလမ်း** | **အမှတ် ၅၇၊ ဥဩလမ်း** | **မ/၁၃၁(ခ)၊ အနောက်** |
| **ညောင်ဖြူစခန်းရပ်၊** | **ညောင်ရွှေဟော်ကုန်းရပ်၊** | **မြို့ပတ်လမ်း** |
| **တောင်ကြီးမြို့** | **တောင်ကြီးမြို့** | **ကျောင်းကြီးစုရပ်၊** |
| | | **တောင်ကြီးမြို့** |

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှတိုး
## အသက်(၈၆)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဦးအောင်ထက် (ညွှန်ကြားရေးမှူး)-ဒေါ်သင်းသင်းနီတို့၏ ဖခင် ဦးလှတိုးသည် ၂-၁-၂၀၂၂ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်အောင်
### ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
### အသက်(၈၃)နှစ်

ဦးဇော်ဝင်းအောင်(လ/ထညွှန်မှူး၊ ဇလဗေဒဌာနခွဲ၊ ဆည်/ရေ ဦးစီးဌာန၊ မန္တလေးမြို့)၏ ဖခင်သည် ၃၀-၁၂-၂၀၂၁ရက် ည ၁၀:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဇလဗေဒဌာနခွဲမိသားစု**
**ဆည်/ရေဦးစီးဌာန**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၆၉၀)၊ ကျွန်းကုန်း၊ ဦးပိုင် အမှတ်(၁၁၆)၊ ဧရိယာ (၂ဒသမ၇၃)ဧက၊ မြေကွက်နှင့် ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်မြင့်ကြည် ၉/ပမန(နိုင်) ၀၈၇၀၀၂ထံမှ ဒေါ်နွယ်ဇင်မြင့် ၁၃/လလန(နိုင်)၀၅၅၀၉၂သည်အပြီးအပိုင် ဝယ်ယူပြီးဖြစ်၍ ဒေါ်နွယ်ဇင်မြင့် အမည်ပေါက်ဖြင့် မြေရာဇဝင်များတိုးမြှင့်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်ဇင်မြင့် ၁၃/လလန(နိုင်) ၀၅၅၀၉၂**
**ကင်ပွန်းတန်းကျေးရွာ၊ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၈၉၂၅၁၁၁၁၃၊ ၀၉-၂၅၀၁၄၇၇၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေကွက်အမှတ်(ပ-၃၂၉၂၁)၊ ဧရိယာ(၀ဒသမ၀၅၄)ဧကရှိ မြေကွက်သည် ဦးကျင်အေး ၁၂/တမန(နိုင်)၀၃၁၄၁၄ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် အမည်ပေါက်ထားပြီး ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အထူးကိုယ်စားလှယ်လွှဲစာရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝတ်ရည်ထွန်း ၁၃/တကန(နိုင်) ၁၇၁၀၇၅ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေ ဦးဟိန်းဝင်းထက်က စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်ဝိုင်းခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ(စဉ်-၅၄၁၉၀) အထက်တန်းရှေ့နေ**
**အခန်း(၃၅)၊ ရွာတော်မင်္ဂလာဈေးဝင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ City Loft အိမ်ရာစီမံကိန်း၊ တိုက်ခန်းအမှတ်(B-2)၊ အခန်းအမှတ်(106)၊ တိုက်ခန်းအမျိုးအစား(2BR)၊ အကျယ်အဝန်း (၇၁၀)စတုရန်းပေရှိ တိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူများဖြစ်ကြသော ဦးခင်မောင်အေး (၁၂/ဆကခ(နိုင်)၀၀၄၆၅၂)၊ ဒေါ်စန်းစန်းမြင့် (၁၂/ဆကခ(နိုင်)၀၀၅၅၄၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**

အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄) မြေကွက်အမှတ်(၂၀၉)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍ ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ငွေငွေဝင်း (၁၂/လမန(နိုင်)၀၉၅၂၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**

အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ဦးသန်းဦး
## အသက်(၅၉)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာနေ (ဦးကျော်စိန်-ဒေါ်မြခင်)တို့၏သား၊ တွံတေးမြို့နယ်၊ ပေါက်တောကျေးရွာနေ ဦးညွန့်လှိုင်-ဒေါ်တင်ရီတို့၏တူ၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဂရုဏာ(၁)လမ်းနေ (ဦးသောင်းလှိုင်-ဒေါ်အုံးသန်း)တို့၏သားသမက်၊ ဦးအောင်ကျော်သန်း-ဒေါ်မြင့်မြင့်ခင်၊ ဦးလှဝင်းဆောင်-ဒေါ်စန်းစန်းဝင်း၊ ဦးသိန်းဝင်း-ဒေါ်စံပယ်၊ ဦးသန်းဝင်း-ဒေါ်ခင်မာချို၊ ဦးထွန်းအေး-ဒေါ်ခင်နန္ဒာ၊ ဦးဖိုးလုံး-ဒေါ်စန်းကြူ၊ဦးမောင်မောင်သန်း-ဒေါ်သင်းသင်းနိုင်၊ (ဦးဇော်ဝင်း)-ဒေါ်သန်းသန်းစိုး၊ ဦးစိုးမြင့်-ဒေါ်ယုယုလှိုင်၊ ကိုကျော်စွာလှိုင်တို့၏အစ်ကို၊ မောင်သီဟသူ(ဘိုမြ)၊ မောင်ကျော်ခိုင်ဝင်း(အာနိုး)၊ မောင်ပြည့်ဖြိုးအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်သန်းသန်းနု၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကား များ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၂၂ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသန်းဦး(ငြိမ်း)၊ OTS(90)
## အသက်(၅၉)နှစ်

သူငယ်ချင်း ဗိုလ်ကြီးသန်းဦး(ငြိမ်း) အသက်(၅၉)နှစ်သည် ၂-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS(90)သူရတပ်ခွဲမှသူငယ်ချင်းများ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပုသိမ်ခရိုင်တရားရုံးတော်၌
### ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၅

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (ပုသိမ်ဘဏ်ခွဲ-၁) | **နှင့်** | ၁။ ဦးမြင့်စိန် |
| (၎င်းကိုယ်စားဘဏ်ခွဲမန်နေဂျာ ဦးခိုင်စိုး) | | ၂။ ဒေါ်မာကြူ |
| **တရားလို** | | **တရားပြိုင်များ** |

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၆၈)၊ ဦးဘခန်းခြံလမ်းနေ ဦးမြင့်စိန်၊ ဒေါ်မာကြူ သိစေရမည်။

သင့်အပေါ်၌ တရားလို ကမ္ဘောဇဘဏ်လီမိတက်(ပုသိမ်ဘဏ်ခွဲ-၁)(၎င်းကိုယ်စားဘဏ်ခွဲ မန်နေဂျာဦးခိုင်စိုး)က ဘဏ်ချေးငွေအတိုး၊ အရင်းစုစုပေါင်းကျပ်(၇၅၃၅၀၆၈၂/-၁၃ပြား)ရရန်အတွက် အပေါင်ဒီကရီရလိုမှုနှင့် တရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအ မှုနှင့် စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(သောင်းထွန်း)**

**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပုသိမ်ခရိုင်တရားရုံး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မဗေသေးလကူးမြာ၏ မိခင် ဒေါ်ဖျားမြာနှင့် ဒေါ်စေးဖောမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9891, Mitsubishi RVR GA 3W, S/W(4X2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်မေသန်းအောင် ၁၄/ပသန(နိုင်)၁၉၁၅၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ရှမ်း/ကြေးရပ်ကွက်နေဒေါ်မာမာကြည် ၇/ရကန(နိုင်)၀၄၆၀၄၇ ၏သား မောင်ဇော်ဇော်လတ် (ခ)မောင်ဇော်ဇော်ထက် ၇/ရကန(နိုင်)၀၅၄၀၅၉ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာမာကြည်**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝါးမရမ်းကျေးရွာအုပ်စု၊ အင်းတကော်ရော်ဘာအထူးဇုန်ဒေသ၊ အကွက်အမှတ်(၆၂-B) တွင် ကျွန်မ ဒေါ်မိုးမိုးသန်း ၁၀/မလမ(နိုင်) ၁၅၄၃၃၄ အမည်ဖြင့် ဧရိယာ ဧက (၁၀၇.၈၂) ဧကအား မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ အနှစ်(၃၀)စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုသော အမိန့်စာ မူရင်း ပျောက်ဆုံးခြင်းအား ပြန်လည်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးသန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက် ၊ ရွှေပဒေသာလမ်း၊ မြေကွက်အမှတ် (၈၆၉)၊ အကျယ်အဝန်း(၀.၀၅၆)ဧကရှိ ဦးသိန်းဆောင် (၁၂/ဥကတ(နိုင်) ၀၂၃၉၉၂)(CF-၀၈၆၉၇၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာ(၁၂/ဥကမ(နိုင်)၁၄၄၆၉၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်ခ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L,D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃ ၊ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် ၉၁၂/က ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၉၁၂/က၊ အကျယ်အဝန်း(အလျား ပေ၂၀ ၊ အနံ ပေ ၆၀)၊ ဧရိယာ ၀ဒသမ ၀၂၇ ဧကရှိ ဒေါ်ရီရီနွဲ့ ၁၂/သဃက(နိုင်)၀၄၄၇၈၁ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရောင်းအဝယ်စာချုပ် များဖြင့် တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှမြင့် ၁၂/မဂတ(နိုင်)၀၇၇၉၄၃ ထံမှ ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းထွေး ၁၂/ကတန(နိုင်)၀၉၇၆၅၈ က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသ ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်လင်း(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၄၁၀၇၀)**
**အမှတ် ၁၃၉၅၊ ဒုတိယထပ်(၃-လွှာ)၊ ထူပါရုံ ၁၁ လမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၅၄၂၇၃၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မင်္ဂလာသုခလမ်း၊ အမှတ်(၁၀၀၀)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်စိုး(DNU- ၀၀၉၃၃၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၇၇/၂၀၂၀)ရရှိထားသူ ဦးဝင်းနိုင် ၉/ညဥန(နိုင်) ၁၄၉၁၁၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော်(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မဟာဗန္ဓုလပန်းခြံ၌ ရောင်စုံမီးအလှများဖြင့် ပြည်သူများစိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်စေရန် စီစဉ်ထား

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ဇန်နဝါရီ ၂ ရက်မှစတင်၍ မီးပဒေသာပန်းပင်များ၊ ကြယ်ပုံစံမီးပဒေသာများ၊ မီးရောင်စုံခြေနင်း မီးအဝိုင်းပြားများ၊ ပန်းခြံအတွင်းရှိ သစ်ပင်များတွင်လည်း ရောင်စုံမီးအလှများ တပ်ဆင်ထားခြင်းတို့ဖြင့် အများပြည်သူများ ကြည့်ရှုအပန်းဖြေနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားသည်။

ထိုသို့ဆောင်ရွက်ထားမှုကြောင့် ပန်းခြံအတွင်း မိသားစုများ၊ ကလေးငယ်များ၊ အလှဆင်မီးများနှင့်အတူ ဓာတ်ပုံရိုက်သူများ၊ ရောင်စုံမီးအဝိုင်းပြားများအပေါ်တွင် ပျော်ရွှင်စွာဆော့ကစားသူများ၊ မြက်ခင်းပြင်များအပေါ်တွင် စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါပန်းခြံကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်မားလာသည့်အတွက်ခေတ္တယာယီပိတ်ထားခဲ့ရာမှ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့နည်းလာသဖြင့် အများပြည်သူများ

*စာမျက်နှာ ၂၂ ကော်လံ ၃* ❖



မဟာဗန္ဓုလပန်းခြံအတွင်း စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူကြသူများ စည်ကားနေသည်ကို တွေ့ရစဉ်။

## အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးအတွက် ပြည်ပနိုင်ငံမှမှာယူသယ်ဆောင်လာသည့် အောက်ဆီဂျင်တင်ယာဉ်အား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဇန်နဝါရီ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပြီး အောက်ဆီဂျင်လိုအပ်မှုများ ရှိခဲ့ချိန်နှင့် လက်ရှိအချိန်တွင် ပြည်တွင်းထုတ်လုပ်မှုများအပြင် ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်ချက်များအပေါ် မူတည်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေဖြန့်ဖြူးပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့်

*စာမျက်နှာ ၂၂ ကော်လံ ၁* ■



KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည့် အောက်ဆီဂျင်တင်ယာဉ်ကို တွေ့ရစဉ်။

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား MRTV မှ တိုက်ရိုက် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနား ကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ MITV၊ Channel 7၊ Channel 9၊ 5 Plus၊ Skynet (တိုင်းရင်းသားအစီအစဉ်)နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM ၊ ချယ်ရီ FM ၊ မန္တလေး FM ၊ ပဒ္မတီ FM၊ ရွှေ FM တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV Facebook Page မှလည်း Live Streaming ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

**ယနေ့ သတင်း အညွှန်း**

ရေဦးမြို့နယ် ပလူဇာဝတိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့်ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ်နှစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်သဖြင့် လူနာတင်ယာဉ်တစ်စီးပျက်စီးကာ ကျန်းမာရေးဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရ

ကယားပြည်နယ်ရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က ရှားတောမြို့နယ် ရှားတော-လွိုင်ကော်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား တစ်စင်းကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

ပြည်တွင်းသတင်း စာ - ၂၁

# မြန်မာ့အလင်း

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ အင်္ဂါနေ့




# ၇၄ နှစ်မြောက်

# လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျလောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်မယ်။ ကျုပ်တို့မြန်မာပြည်ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

# လွတ်လပ်ရေးအဓွန့်ရှည်ရေးနှင့် ခေတ်သစ်ကိုလိုနီ

မျိုးငြိမ်းငယ်

## နိုင်ငံ၏ ရေသောက်မြစ်

ယနေ့ဆိုလျှင် မြန်မာ့လွတ်လပ်ရေးသည်ပင် ၇၄ နှစ် ပြည့်မြောက်လေပြီ။ နောင်နှစ်ဆိုလျှင် စိန်ရတုပင် တိုင်ပေတော့မည်။

နှစ်ပေါင်း ၇၄ နှစ်သည် နိုင်ငံ၏ လွတ်လပ်ရေး မှတ်တိုင်တစ်ခု၊ နိုင်ငံတစ်ခု၏ အချုပ်အခြာ အာဏာပိုင်ချုပ်မှု၏ ခိုင်မာမှုတစ်ခုပင် ဖြစ်၏။ လွတ်လပ်ရေး ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ အတွက် ပင်မရေသောက်မြစ်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ဆိုင်မှုလည်း ဖြစ်၏။ တိုင်းရင်းသားများဖြင့် စုစည်းနေထိုင်ကြသော မြန်မာနိုင်ငံအတွက်မူ လွတ်လပ်ရေးဆိုသည်က သူတစ်ပါး လက်အောက်ခံမဟုတ်ခြင်း၊ လွတ်လပ်ခြင်း ဆိုသည်ထက်ပို၍ပင် အဓိပ္ပာယ်နက်နဲကျယ်ဝန်း လှပါသည်။ လွတ်လပ်ရေး၏ နောက်ကွယ်တွင် စုစည်းခြင်း၊ စည်းလုံးခြင်းတို့ ပါဝင်နေပါသည်။

လွန်ခဲ့သော ၇၄ နှစ် မတိုင်မီက မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ သိမ်းပိုက်ခံ၊ အုပ်ချုပ်ခံ နိုင်ငံတစ်ခု ဖြစ်ခဲ့သည်။ ပြည်သူများဆိုသည်က သူ့ကျွန်ဘဝတွင် နေခဲ့ရသည်။ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝအား ပြန်လည်ခံစားကြည့်လျှင် လွတ်လပ်ရေး၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ အရသာ၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်တို့ကို နှိုင်းယှဉ် ခံစားနိုင်ကြပါလိမ့်မည်။ ကိုယ့်မြေ၊ ကိုယ့်လူမျိုး တို့ကို လာရောက်သိမ်းပိုက်အုပ်ချုပ်သည့် နယ်ချဲ့ တို့ကို ဘုရားထူးခဲ့ရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုသည်က ဆိုဖွယ်ရာမရှိ။ လက်ဝေခံ အဆင့်တွင်ပင် မရှိခဲ့။ ကျွန်သပေါက်ဟုပင် ဆိုခဲ့ ကြသည်။ ယင်းမှာ လွတ်လပ်ရေးဆုံးရှုံးရသည့် အကျိုးဆက်များ ဖြစ်သည်။ ထိုအကျိုးဆက် များသည် မျိုးဆက်တစ်ဆက်ကျော်သည့်တိုင် ဂယက်ရိုက်ခတ်နေဆဲ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွက် လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်းဖြင့် နိုင်ငံတကာ အလယ်တွင် တန်းတူညီမျှတင့်တယ်စွာ ရပ်တည်နိုင်



မည်ဖြစ်သည်။ ထို့အတူ လွတ်လပ်ရေးသည် နိုင်ငံတစ်နိုင်ငံအတွက် ရေသောက်မြစ်ပမာ ရှင်သန် ရပ်တည်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံလည်း ဖြစ်ပါသည်။ ရေသောက်မြစ်မရှိပါက အပင်တစ်ပင် မရှင်သန်နိုင်သကဲ့သို့ပင် ဖြစ်သည်။ လူတစ်ဦးအတွက်ဆိုလျှင် နှလုံးဖြစ်သည်။ အသက် ရှင်ရပ်တည်ရေး၊ လှုပ်ရှားရုန်းကန်ရေးနှင့် ဖွံ့ဖြိုးရေး တို့အတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပေသည်။ နိုင်ငံ အတွက် ဤသို့အရေးပါလှသည့် လွတ်လပ်ရေးကို တန်ဖိုးထားတတ်၊ လေးစားတတ်၊ အဆင့်ဆင့် တာဝန်ယူထိန်းသိမ်းတတ်ကြမှသာ ဆက်လက် ရှင်သန်ရပ်တည်နိုင်ပေလိမ့်မည်။

## လွတ်လပ်ရေး၏ အနှစ်သာရ

နိုင်ငံတစ်နိုင်ငံရပ်တည်ရေးအတွက် လွတ်လပ်ရေးသည် များစွာအရေးကြီးပါသည်။ လွတ်လပ်သော နိုင်ငံဖြစ်မှသာ ကိုယ့်ကံကြမ္မာဆုံးဖြတ်ပိုင်ခွင့် ရရှိမည်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့် နယ်နိမိတ်ပြဿနာများ ရှိသည့်တိုင် နယ်မြေနှင့် နယ်နိမိတ်များကို နိုင်ငံတကာ အသိအမှတ်ပြုမှု ရရှိမည်ဖြစ်သည်။ နယ်မြေပိုင်ဆိုင်မှု ဖြစ်သည်။ အမြဲတမ်းအခြေချနေထိုင်သော လူထုရှိမည်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်းကြောင့် မိမိနယ်မြေအပေါ်တွင် အခြားနိုင်ငံများက ဝင်ရောက်ဩဇာလွှမ်းမိုး စွက်ဖက်ခွင့်မရှိချေ။ လွတ်လပ်သော အခြားနိုင်ငံများ၏ အသိအမှတ်ပြုမှုရရှိမည် ဖြစ်သည်။ ထို့အပြင် ပြည်တွင်း ပြည်ပ ကုန်သွယ်ရေး၊ စီးပွားရေး လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်း၊ ငွေကြေး ထုတ်ဝေနိုင်ခြင်းစသည့် လက္ခဏာများသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ သွင်ပြင်များ ဖြစ်ပါသည်။

ဆန့်ကျင်ဘက်အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးသည်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေပိုင်ဆိုင်မှုတို့ ဆုံးရှုံးမည့်အပြင် ပြင်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်ခြင်း၊ ဩဇာလွှမ်းမိုးခြင်းတို့လည်း ရှိလာမည်ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် ကိုယ့်ကံကြမ္မာကိုယ် ဆုံးဖြတ်ခွင့် ဆုံးရှုံးသွားမည်ဖြစ်ကာ သူတစ်ပါးလက်အောက်ခံဘဝ၊ ဩဇာခံဘဝ၊ ချုပ်ကိုင်ခံရသည့်ဘဝ ရောက်ရှိသွားမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံ၏ စရိုက်လက္ခဏာများ၊ ယဉ်ကျေးမှု၊ အမျိုးဘာသာသာသနာတို့သည်လည်း လျော့နည်းပျောက်ဆုံးသွားနိုင်ပါသည်။ သို့ဖြစ်ရာ လွတ်လပ်ရေးသည် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ပေသည်။ လွတ်လပ်ရေး ဆုံးရှုံးသွားလျှင်မူ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားများလည်း ပျောက်ဆုံးသွားမည် ဖြစ်သည်။

## ခေတ်သစ်ကိုလိုနီ

ယခင်က နယ်ချဲ့စနစ်သည် အခြားနိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်သိမ်းပိုက်၍ ကိုယ်ပိုင်နယ်မြေအဖြစ် သတ်မှတ်ကာ အုပ်ချုပ်သွေးစုပ်ကြသည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ်အလွန် ၁၉၆၀ ပြည့်နှစ်များတွင် နယ်မြေသိမ်းပိုက်အုပ်ချုပ်သည့် ကိုလိုနီစနစ်အစား ခေတ်သစ်ကိုလိုနီစနစ် ထွန်းကားလာသည်။ ခေတ်သစ်ကိုလိုနီစနစ်သည် ကိုလိုနီစနစ်၏ အမျိုးအစားအသစ်တစ်ခုဖြစ်သည်။

ယနေ့အခါ နယ်ချဲ့ကိုလိုနီစနစ်အစား မိမိဩဇာခံအစိုးရ၊ ရုပ်သေးအစိုးရအာဏာရရှိစေခြင်းဖြင့် ယင်းနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတို့ကို လွှမ်းမိုးချုပ်ကိုင်ထားသည့် ခေတ်သစ်ကိုလိုစနစ်ဖြစ်လာသည်။ ထို့အတူ အခြားနည်းလမ်းအမျိုးမျိုးဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နိုင်ငံငယ်များကို လွှမ်းမိုးရန် ကြိုးပမ်းခြင်းမှာလည်း ခေတ်သစ်ကိုလိုနီ လက္ခဏာဖြစ်သည်။ ခေတ်သစ်ကိုလိုနီစနစ်တွင် အထူးသဖြင့် စစ်ရေးမဟုတ်သည့် နည်းလမ်းများဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးရန် ကြိုးပမ်းလေ့ရှိကြသည်။

အလားတူပင် အခြားနိုင်ငံများအပေါ် လွှမ်းမိုးနိုင်ရန် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု သို့မဟုတ်

အချပ်ပို (၈) သို့

**လွတ်လပ်ရေးဆုံးရှုံးသည်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေပိုင်ဆိုင်မှုတို့ ဆုံးရှုံးမည့်အပြင် ပြင်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်ခြင်း၊ ဩဇာလွှမ်းမိုးခြင်းတို့လည်း ရှိလာမည်ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် ကိုယ့်ကံကြမ္မာကိုယ် ဆုံးဖြတ်ခွင့် ဆုံးရှုံးသွားမည်ဖြစ်ကာ သူတစ်ပါးလက်အောက်ခံဘဝ၊ ဩဇာခံဘဝ၊ ချုပ်ကိုင်ခံရသည့်ဘဝ ရောက်ရှိသွားမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံ၏ စရိုက်လက္ခဏာများ၊ ယဉ်ကျေးမှု၊ အမျိုးဘာသာသာသနာတို့သည်လည်း လျော့နည်းပျောက်ဆုံးသွားနိုင်ပါသည်။ သို့ဖြစ်ရာ လွတ်လပ်ရေးသည် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွား ဖြစ်ပေသည်။ လွတ်လပ်ရေး ဆုံးရှုံးသွားလျှင်မူ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားများလည်း ပျောက်ဆုံးမည်။**

အချပ်ပို (ခ) မှ
အခြားသော ဖိအားပေးသည့် နည်းလမ်းများကို အသုံးပြုလေ့ရှိကြသည်။ အင်အားကြီးနိုင်ငံများသည် မိမိတို့နိုင်ငံအကျိုးစီးပွားအတွက် အခြားနိုင်ငံများအပေါ် စီးပွားရေးအရ လွှမ်းမိုးနိုင်ရန် သာမက နိုင်ငံရေးအရ ချုပ်ကိုင်နိုင်ရန် ကြိုးပမ်းလာကြသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားနှင့် ဆက်စပ်နေသည့် နိုင်ငံများတွင် မိမိတို့အလိုကျ အစိုးရတစ်ရပ် အာဏာရရှိရေး ဝင်ရောက်စွက်ဖက်မှုများ၊ ဖိအားပေးမှုများ၊ ထောက်ပံ့မှုများ ပြုလုပ်လာကြသည်။ နှောင်ကြိုးပါသော အကူအညီများပေး၍ လွှမ်းမိုးခြင်း၊ ရွေးကောက်ပွဲများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများကိုအသုံးချ၍ ဖိအားပေးခြင်း၊ စီးပွားရေး ကုန်သွယ်ရေး ပိတ်ဆို့အရေးယူခြင်းကဲ့သို့သော နည်းလမ်းများကို ယနေ့အခါ တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည်ကို တွေ့မြင်နိုင်ပါသည်။

အချို့နိုင်ငံများသည် လွတ်လပ်သောနိုင်ငံဟု ဆိုသော်လည်း အင်အားကြီးနိုင်ငံများ၏ ဝင်ရောက် စွက်ဖက်ခံရခြင်း၊ လွှမ်းမိုးခံရခြင်း၊ နိုင်ငံရေး၊ စီးပွားရေးထိန်းချုပ်ခံရခြင်းများ ရှိနေပါသည်။ ယနေ့ကာလ လွတ်လပ်ရေးဆုံးရှုံးသည်ဆိုရာတွင် လုံးလုံးလျားလျား လွတ်လပ်ရေးဆုံးရှုံးသွားခြင်း၊ နယ်မြေ သိမ်းပိုက်ခံရခြင်း မဟုတ်ဘဲ အင်အားကြီး နိုင်ငံများ၏ ဩဇာခံဘဝ ရောက်ရှိသွားခြင်း၊ အင်အားကြီးနိုင်ငံများက လွှမ်းမိုးထားခြင်း၊ နိုင်ငံရေး၊ စီးပွားရေးတို့တွင် သူတို့အလိုကျ လုပ်ဆောင်ရခြင်းသည်လည်း လွတ်လပ်ရေး တစ်စိတ်တစ်ပိုင်း ဆုံးရှုံးခြင်း၊ အချုပ်အခြာအာဏာ ထိပါးခံရခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ခေတ်သစ်ကိုလိုနီဘဝ ရောက်မှန်းမသိ ရောက်ရှိသွားမည် ဖြစ်သည်။

### လွတ်လပ်ရေး ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် လွတ်လပ်ရေးနှင့် ခေတ်သစ်ကိုလိုနီသည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအတွက် သတိပြုစရာ ဖြစ်လာပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းနှင့်အတူ စီးမျောလာသည့် အင်အားကြီးနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး လွှမ်းမိုးလာမှုများသည် တစ်ခါတစ်ရံ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိခိုက်စေလျက်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့်မူ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံများအကြား အင်အားပြိုင်ဆိုင်မှု၊ အိမ်နီးချင်းနိုင်ငံ၏ လူမျိုးရေးဆိုင်ရာတို့သည် သမားရိုးကျဖြစ်စဉ်များထက် ပိုပါသည်။ ယင်းကို အကြောင်းပြု၍ ပြည်တွင်းနိုင်ငံရေးအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် စွက်ဖက်မှုနှင့် ဖိအားပေးမှုများ ရှိနေပါသည်။ ယင်းတို့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးစေလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ **အချပ်ပို (ဃ) သို့**



လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ် အောင်ဆန်း လူထုအား မိန့်ခွန်း ပြောကြားစဉ်။

☆ **အချို့နိုင်ငံများသည် လွတ်လပ်သောနိုင်ငံဟု ဆိုသော်လည်း အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်ခံရခြင်း၊ လွှမ်းမိုးခံရခြင်း၊ နိုင်ငံရေး၊ စီးပွားရေးထိန်းချုပ်ခံရခြင်းများ ရှိနေပါသည်။ ယနေ့ကာလ လွတ်လပ်ရေးဆုံးရှုံးသည် ဆိုရာတွင် လုံးလုံးလျားလျား လွတ်လပ်ရေးဆုံးရှုံးသွားခြင်း၊ နယ်မြေ သိမ်းပိုက်ခံရခြင်း မဟုတ်ဘဲ အင်အားကြီးနိုင်ငံများ၏ ဩဇာခံဘဝရောက်ရှိသွားခြင်း၊ အင်အားကြီးနိုင်ငံများက လွှမ်းမိုးထားခြင်း၊ နိုင်ငံရေး၊ စီးပွားရေးတို့တွင် သူတို့အလိုကျ လုပ်ဆောင်ရခြင်းသည်လည်း လွတ်လပ်ရေး တစ်စိတ်တစ်ပိုင်း ဆုံးရှုံးခြင်း၊ အချုပ်အခြာအာဏာ ထိပါးခံရခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ခေတ်သစ်ကိုလိုနီဘဝ ရောက်မှန်းမသိ ရောက်ရှိသွားမည်ဖြစ်သည်။**



မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် တိုက်ပွဲဝင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

# ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## တို့လွတ်လပ်ရေး

* နယ်ချဲ့မျိုး နတ်ဆိုးနှောက်
ကျွန်သပေါက်ခေတ်အခြေ၊
ရှေးဘွားနဲ့ ရှေးဘိုးတို့
ဆိုးလှဖြစ်ထွေ။
လွတ်လပ်ရေး တို့အမွေ
နင်းဖျက်ချေ ပျက်စေသုဉ်း၊
နယ်ချဲ့ဉာဏ်
တကယ်ကွယ့်မဟန်
အကျင့်တန်အကြံယုတ်နဲ့
ချုပ်ချယ်မှုသုံး။

* တို့တစ်တွေ သတိချပ်
လွတ်လပ်ရေးဆုံးဖူးပြီ၊
ပန်းကောင်းကို အညွန့်ချိုး
ဖြစ်မျိုးပုံညီ။
အရေးကြီး
သွေးနီးလို့ ပြာသံချီ
ဘာမထီ စိတ်ဓာတ်မွေး၊
သွေးချွေးသက် ပုံခင်းပါလို့
ရင်းဖက်ကာ ရယူအပ်
တို့လွတ်လပ်ရေး။

* မြဲအစဉ်ရင်မှာထွေး
လွတ်လပ်ရေး ထွတ်ဖွေချာ၊
မျိုးမြန်မာ ပြည်သူတွက်
နှစ်သက်ဖွယ်ရာ။
အသက်သွေးကြောပမာ
ရင်သည်းလွှာ ကမ္ဘည်းထိုး၊
သက်ဆုံးတိုင် ယိုင်မလဲ
မြဲမြံစေရိုး။ ။

ဖိုလေးလုံးသောင်းကိုကို



လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ပျဉ်းမနားမြို့ ဘိုကိတ်ခြံတွင် တပ်စွဲထားသော ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း (၁) အား ဗိုလ်ချုပ်အောင်ဆန်း စစ်ဆေးစဉ်။

အချပ်ပို (ဂ) မှ

ဖိအားပေးခြင်းတို့သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြား လိုက်နာရမည့် ကျင့်ဝတ်ဖောက်ဖျက်ခြင်း၊ နိုင်ငံတကာဥပဒေများကို မလေးစား၊ မလိုက်နာခြင်း ဖြစ်ပါသည်။

ထို့အတူ အင်အားကြီးနိုင်ငံများသည် နိုင်ငံငယ်များအား လွှမ်းမိုးနိုင်ရန် နှောင်ကြိုးပါသော အကူအညီ အထောက်အပံ့များ နောက်ကွယ်တွင် အပေးအယူနှင့် တောင်းဆိုမှုများ ရှိနေကြသည်။ ယင်းတောင်းဆိုမှုများသည် တစ်ခါတစ်ရံ အပြန်အလှန် အကျိုးစီးပွားအတွက် တောင်းဆိုမှုဆိုသည်ထက် ပြည်တွင်းရေးအား စွက်ဖက်လိုခြင်း၊ ဖိအားပေးခြင်းသဘော သက်ရောက်လာပါသည်။ သို့ဖြစ်ရာ မုန့်သာမြင်၍ တုတ်ကိုမမြင်ပါက ဖြစ်လာမည့်အကျိုးဆက်သည် မိမိနိုင်ငံ၏ လွတ်လပ်ရေးအနှစ်သာရနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးရမည် ဖြစ်သည်။

ယနေ့မြန်မာ့နိုင်ငံရေးအခြေအနေတွင် နိုင်ငံ၏ ပြည်တွင်းရေး နောက်ကွယ်၌ ခေတ်သစ်ကိုလိုနီများ ခြေရှုပ်နေကြပါသည်။ နည်းလမ်းအမျိုးမျိုး၊ ဖိအားအမျိုးမျိုး၊ အပေးအယူအမျိုးမျိုးနှင့် စွက်ဖက်နေကြသည်မှာ အထင်အရှားဖြစ်ပါသည်။ စစ်မှန်သော မိတ်ဆွေနိုင်ငံများရှိသကဲ့သို့ အကျိုးအမြတ်ထုတ်လိုသော နိုင်ငံများလည်း ရှိနေပါသည်။ ထိုသို့ အမျိုးမျိုးသော ရည်ရွယ်ချက်ရှိကြသည့် နိုင်ငံများအကြားတွင် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားများကို မျက်ခြည်မပြတ်ရန်မှာ အဓိကတာဝန် ဖြစ်ပါသည်။ ထိုတာဝန်မှာ နိုင်ငံသားတိုင်းအတွက် နိုင်ငံသားတစ်ယောက်တာဝန်ဖြစ်ပါသည်။ အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် လွတ်လပ်ရေး၏ အရသာကို ခံစားနေကြရသည့် ပစ္စုပ္ပန်မျိုးဆက်မှသည် နောင်မျိုးဆက်များအဆင့်ဆင့်သို့ လွတ်လပ်ရေးကို လက်ဆင့်ကမ်းနိုင်ရန်မှာ ပစ္စုပ္ပန်မျိုးဆက်များအားလုံး၏ တာဝန်ဖြစ်ပါသည်။

### စိန်ရတုမှသည် ကမ္ဘာတည်သရွေ့

မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်း ဆိုသည်က အားလုံးသိရှိနားလည်ပြီးဖြစ်သည်။ အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ ဒုက္ခများ ခါးစည်းခံခဲ့ကြရသည်။ မြန်မာ့လွတ်လပ်ရေးကို လွယ်လွယ်ကူကူရခဲ့သည်မဟုတ်ဘဲ ကိုလိုနီလက်အောက် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း နည်းမျိုးစုံဖြင့် တိုက်ခိုက်ယူခဲ့ရသည်။ ထိုလွတ်လပ်ရေးကြီး လွယ်လွယ်ကူကူနှင့် ခေတ်သစ်ကိုလိုနီလက်အောက် ရောက်သွားနိုင်သည်ကို သတိပြုထိန်းသိမ်းကြမှသာ အစွန့်ရှည်သောလွတ်လပ်ရေးနှင့် လွတ်လပ်ရေးအနှစ်သာရကို ခံစားကြရမည် ဖြစ်သည်။

ခေတ်သစ်ကိုလိုနီစနစ်တွင် သူတစ်ပါးတိုက်ရိုက် အုပ်ချုပ်မှုအောက် မရောက်ရှိသော်လည်း နိုင်ငံရေး၊ စီးပွားရေးမှအစ သွယ်ဝိုက်၍ လွှမ်းမိုးမှု၊ ချုပ်ကိုင်မှုမှသည် သူတစ်ပါးအလိုကျ အစိုးရတစ်ရပ်ပြောင်းလဲရေးအထိ အကျုံးဝင်နေသည်ကို သတိပြုကြရပါမည်။ ထိုသို့ ခေတ်သစ်ကိုလိုနီဝါဒအောက်တွင် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် လွတ်လပ်ရေးအနှစ်သာရသည် မည်သို့အဓိပ္ပာယ်ရှိတော့မည်နည်း။ ကမ္ဘာတွင် ခေတ်သစ်ကိုလိုနီစနစ်အောက်ရောက်နေသော နိုင်ငံများကို သင်ခန်းစာယူကြရပါမည်။ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေး မတည်မငြိမ်မှုကို အခွင့်ကောင်းယူကာ သူတို့အလိုကျ အစိုးရများ၊ ရုပ်သေးအစိုးရများ အာဏာရရှိစေရန် ကြိုးစားနေကြသည်။ စီးပွားရေးနှင့် သယံဇာတရင်းမြစ်များကို ချုပ်ကိုင်ကြသည်။ အီရတ်နိုင်ငံ၊ အာဖဂန်နိုင်ငံတို့ကို သင်ခန်းစာယူကြရပါမည်။ နည်းလမ်းအမျိုးမျိုးနှင့် လွှမ်းမိုးခံနေရသည့် နိုင်ငံများစွာလည်း ရှိနေပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ခေတ်သစ် ကိုလိုနီဝါဒသည် မင်းသားမျက်နှာဖုံးစွပ်ထားသော ဘီလူးများ ဖြစ်သည်။ သူခိုးကို ဓားရိုးကမ်းသလို မဖြစ်ရန် လိုအပ်ပါသည်။ ထိုသို့ဆိုခြင်းသည် နိုင်ငံတကာဆက်ဆံရေးနှင့် ကမ္ဘာ့နိုင်ငံရေးတွင် သီးခြားနေရန်ဟု ဆိုလိုသည်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မျက်ခြည်မပြတ်ဖော်ဆောင်ရန်နှင့် လွတ်လပ်ရေး၏အနှစ်သာရကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်ပါသည်။ သို့မှသာ ဘိုးဘွားတို့အသက်သွေးချွေးတို့ဖြင့် ရယူခဲ့သော လွတ်လပ်ရေးသည် ကမ္ဘာတည်သရွေ့ အစွန့်ရှည်နေမည် ဖြစ်ပါသည်။ လွတ်လပ်ရေး အစွန့်ရှည်မှသာ ယနေ့နိုင်ငံသားအားလုံး မျှော်မှန်းကြသည့် နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ။